# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကို မဂ်ဂါဘာ်ရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၄ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၂၈၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ် စ ရာ**



### ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)မှ ဖိတ်ခေါ်ပါသည်

ဆောင်းပါး | စာ ၆

---

### ရွေးကောက်ပွဲမှတစ်ဆင့် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးမှုဆီသို့ . . .

ဆောင်းပါး | စာ ၁၀

---

### မြန်မာနိုင်ငံအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများတွင် အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာနနှင့် ပူးပေါင်းဆောင်ရွက်

ပြည်တွင်းသတင်း | စာ ၁၈



## မင်းလှမြို့နယ်၌ ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ရေဝင်နစ်မြုပ်သည့် မလွန်ကျေးရွာအိမ်ထောင်စုများအား ကယ်ဆယ်ရေးအဖွဲ့များက ကူညီရွှေ့ပြောင်းပေး

အထက်မင်းလှ ဇူလိုင် ၁၃

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မလွန်ကျေးရွာ၌ မြစ်ကမ်းနားအနီးတွင် နေထိုင်ကြသည့် နေအိမ်များအတွင်းသို့ ဧရာဝတီမြစ်ရေ မြင့်တက်လာ၍ ရေများဝင်ရောက်လာသဖြင့် အိမ်ထောင်စု ၅၂ စုမှ လူဦးရေ ၁၉၃ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင်ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသည့် မလွန်ကျေးရွာရှိ စာကြောစာသင်တိုက်သို့ ရွှေ့ပြောင်းပေးခဲ့သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍



## ပေါက်ခေါင်းမြို့နယ်၌ မိုးရာသီ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ ဧကပေါင်း ၆၆၃၀၀ ကျော် စိုက်ပျိုးပြီးစီး

ပေါက်ခေါင်း ဇူလိုင် ၁၃

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူအများစုသည် အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး ရာသီအလိုက်သီးနှံများကိုမိမိတို့၏ လယ်မြေ၊ ယာမြေများတွင်စိုက်ပျိုးထားရှိရာ ယခုနှစ်မိုးရာသီတွင် ဆီထွက်သီးနှံနှင့် ပဲမျိုးစုံဧကပေါင်း ၆၆၃၇၆ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပေါက်ခေါင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးမည့် သီးနှံအမျိုးအစားအလိုက် လျာထားဧကများမှာ မိုးနှမ်းလျာထားဧက ၃၉၁၆၄ ဧက၊ မြေပဲလျာထားဧက ၁၅၃၄၃ ဧက၊ နေကြာလျာထား ဧက ၆၉ ဧက၊ ဝါကြီးလျာထား ဧက ၃၀၂၅ ဧကနှင့် ပဲတီစိမ်းလျာထားဧက ၁၁၃၄ ဧက၊ ပဲစင်းငုံလျာထား ဧက ၉၅၉၁ ဧက၊ ပဲပုပ်လျာထား ဧက ၆၁ ဧကတို့ကို

*စာမျက်နှာ ၃ ကော်လံ ၁* ❑

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မအူပင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**မအူပင် ဇူလိုင် ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်မြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ပန်းတနော်မြို့နယ် ကျုံတုံးကြီးကျေးရွာအုပ်စု ဇီးဖြူစုကျေးရွာရှိ တောင်သူ ဒေါ်နီနီမိုး၏ လယ်မြေ ငါးကေ၌ ကျင်းပသည့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး၊ ကြံခင်းစနစ် ပပျောက်ရေးအတွက် စနစ်တကျပျိုးထောင် ကောက်စိုက်ပွဲအခမ်းအနားသို့တက်ရောက်ကြည့်ရှုအားပေးပြီး ညောင်တုန်းမြို့နယ် ကျုံတမာကျေးရွာအုပ်စု ရန်ကုန် - ပုသိမ်ကားလမ်းဘေးရှိ Top Dairy Fam နို့စားနွား မွေးမြူရေးခြံသို့ရောက်ရှိကာ နွားမွေးမြူရေးလုပ်ငန်းနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှု အားပေးသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ညောင်တုန်း၊ ဓနုဖြူ မြို့နယ်တို့မှ တောင်သူများနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ဆွေးနွေးပြောကြားစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မအူပင်မြို့နယ် ဝါးတောကျေးရွာအုပ်စု ထနီထောင့်ကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) ရေကောင်းစခန်း အမှတ်(၁၆)သို့ ရောက်ရှိပြီး တာတမံများအခြေအနေနှင့် ရေဘေးကာကွယ်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ရေဘေးကာကွယ်ရေး တာတမံများ၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု အစီအစဉ်အရ လွှင့်ထုတ်ရမည့် သတိပေးအချက်ပြ အလံများကို ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်၍(ဝဲပုံ) (မီးသတ်ဦးစီးဌာနမှမိုးရာသီရေဘေးရှာဖွေကယ်ဆယ်သရုပ်ပြမှုနှင့် ဇာတ်တိုက်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။



ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာအုပ်စု ငါးကြီးဂရက်ကျေးရွာရှိ တောင်သူ ဦးလှအောင်၏ လယ်မြေ ၁၆ ကေ၌ ဆင်းသုခစပါးမျိုးကို မျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် မျိုးစေ့ချစိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မအူပင်မြို့ တိုးရွှေဝါခန်းမ၌ မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ညောင်တုန်း၊ ဓနုဖြူ မြို့နယ်တို့မှ တောင်သူများနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးဆောင်ရွက်နေသော တောင်သူများကို သွင်းအားစုနှင့် မျိုးစေ့များ ပေးအပ်သည်။

ထို့နောက် ညောင်တုန်းမြို့ တဇင်ရေကျော်အုပ်စု အသင်းစုကျေးရွာရှိ အာရှသား ငါးမွေးမြူရေးကန်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ငါးမွေးမြူရေးလုပ်ငန်းနှင့် ထုတ်လုပ်ရောင်းချမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဆားမလောက်ကျေးရွာရှိ ပညာရောင်ခြည် စာကြည့်တိုက်သို့ရောက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျေးလက်စာကြည့်တိုက်များသို့ လှူဒါန်းသည့် စာအုပ်စာစောင်ပေးအပ်ပွဲသို့ တက်ရောက်ကာ ပညာရောင်ခြည်စာကြည့်တိုက်အတွက် ထောက်ပံ့ငွေများနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ *ရှေ့ဖုံးမှ*

ထိုသို့ အိမ်ထောင်စုများ ရွှေ့ပြောင်းရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းအောင်၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မလွန်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်းတို့က မြစ်ရေဝင်ရောက်နေသည့် အိမ်ထောင်စုဝင်များ၏ပစ္စည်းများအား ရေလွတ်ရာသို့ ကူညီသယ်ဆောင်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါမြစ်ရေဝင်ရောက်လာမှုကြောင့် ရေဘေးသင့်အိမ်ထောင်စု ၅၂ စုအား တစ်အိမ်ထောင်လျှင် ဆန် တစ်ပြည်၊ စားသုံးဆီ၊ ဆီ ၅၀ ကျပ်သား၊ ခေါက်ဆွဲခြောက်ထုပ်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယယ်ယယ်အောင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများက ရေဘေးသင့် အိမ်ထောင်စုဝင်များထံထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဇာဇာ**

**(အထက်မင်းလှ)**

❑ *ရှေ့ဖုံးမှ*

စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ တောင်သူများ၏ လယ်မြေ၊ ယာမြေများတွင် ယမန်နေ့အထိ ဆီထွက်သီးနှံမိုးနှမ်း ၃၉၁၆၄ ဧက၊ မြေပဲ ၁၅၃၄၃ ဧက၊နေကြာ ၆၉ ဧကနှင့် ပဲတီစိမ်း ၁၁၃၄ ဧက၊ ပဲစင်းငုံ ၁၀၆၀၁ ဧကနှင့်ပဲပုပ် ၆၁ ဧကကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါမိုးရာသီစိုက်ပျိုးသီးနှံများ လျာထားဧက ပြည့်မီကျော်လွန်စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်အဖွဲ့များ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ကွင်းဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့်နည်းပညာနှင့် စိုက်ပျိုးရေးနည်းလမ်းကောင်းများကို ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျန်ရစ်သူအကျိုးခံစားခွင့် ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနမှ အာမခံအလုပ်သမား ဦးအောင်ဝင်း၏ လုပ်ငန်းခွင်ပြင်ပထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထောက်ပံ့ငွေထုတ်ပေးခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက လုပ်ငန်းခွင်ပြင်ပထိခိုက်သေဆုံးခဲ့သည့် ဦးအောင်ဝင်း၏ ကျန်ရစ်သူအကျိုးခံစားခွင့် ထောက်ပံ့ငွေကျပ် ၁၁၈၈၀၀၀၀ ကို သေဆုံးသူ၏ဇနီး ဒေါ်သန်းသန်းဌေးထံသို့ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နယူးဒေလီမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးအတွင်း အိန္ဒိယဝန်ကြီးချုပ်အား စုပေါင်းတွေ့ဆုံပြီး ထိုင်း၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးများနှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၃**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် နယူးဒေလီမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးအတွင်း အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ အား အခြားသော ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ဇူလိုင် ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နယူးဒေလီမြို့ရှိ အိန္ဒိယဝန်ကြီးချုပ်အိမ်တော်၌ စုပေါင်းတွေ့ဆုံသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အလားတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၁ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးမစ္စတာ မာရစ်ဆတ်ငီယမ်ဖုန် နှင့်လည်းကောင်း၊ ညနေ ၆ နာရီ ၁၅ မိနစ်တွင် အိန္ဒိယပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာနှင့် လည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ မိုဟာမတ်ဟာဆန်မာမွတ်နှင့် လည်းကောင်း နယူးဒေလီမြို့ရှိ တာ့ဂျ်ပဲလေ့စ်ဟိုတယ်၌ သီးခြားစီ တွေ့ဆုံခဲ့သည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနှင့် ထိုင်း နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ဘင်းမ်စတက်နှင့် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်များအောက်တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက တရားမဝင်မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ဖောက်ကားမှုများ၊ လူကုန်ကူးမှုများ၊ အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေးတို့တွင် ထိုင်းနိုင်ငံက မြန်မာနိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် ကျေးဇူးတင်အသိအမှတ်ပြုကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အိန္ဒိယ ပြည်ပရေးရာဝန်ကြီးနှင့် တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ထည့်သွင်းရှင်းလင်း ပြောကြားခဲ့ပြီး ပေါင်းစည်းဆက်နွယ် ချိတ်ဆက်မှုလုပ်ငန်းများ၊ နယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေးအတွက် မြန်မာ- အိန္ဒိယ နှစ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်သွားရေးကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံရေးအပါအဝင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးတို့ကိုဆွေးနွေးခဲ့ကြပြီး မြန်မာ - ဘင်္ဂလားဒေ့ရှ်ကုန်သည်ကြီးများ အသင်းများအကြား ပူးပေါင်းဆောင်ရွက်ရေးအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့ပြင် ဝန်ကြီး နှစ်ဦးသည် ဘင်းမ်စတက်မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးအပေါ် ထည့်သွင်းဆွေးနွေးခဲ့ကြသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ်ဆတ်ငီယမ်ဖုန် တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် အိန္ဒိယပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာ တို့ တွေ့ဆုံဆွေးနွေးစဉ်။

အဆိုပါတွေ့ဆုံပွဲများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ဖြစ်ကြသည့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ညွန့်ဦးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်အတွင်း ယခုနှစ် မိုးရာသီတွင် ပျိုးပင်ပေါင်း ၁၈၆၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ဘားအံ ဇူလိုင် ၁၃**

ကရင်ပြည်နယ်အတွင်း ယခုနှစ်မိုးရာသီတွင် ပျိုးပင်ပေါင်း ၂၇၀၀၀၀ ကျော် စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိရာ ယခုအခါ ပျိုးပင်ပေါင်း ၁၈၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ဇူလိုင် ၁၃ ရက် နံနက် ၇ နာရီက ဘားအံမြို့နယ် တောင်ကလေးတိုးချဲ့မြို့ပြအိမ်ရာ စီမံကိန်းဧရိယာရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (ဘားအံ)၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် ပြည်နယ်အဆင့် မိုးရာသီ(တတိယအကြိမ်) သစ်ပင်စိုက်ပွဲမှ သိရသည်။

သစ်ပင်စိုက်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သစ်တောသစ်ပင်များသည် လူသားများအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ နေထိုင်ရှင်သန်ရေးအတွက် အလွန်အရေးပါသောအရာများဖြစ်ပြီး ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်သစ်တောဦးစီးဌာနများအားလုံးတွင် အမြင့် နှစ်ပေအထက်ရှိသော ပျိုးပင်များအခမဲ့ဖြန့်ဝေလျက်ရှိရာ သစ်ပင်စိုက်လိုသူများအားလုံး အခမဲ့သွားရောက်ထုတ်ယူစိုက်ပျိုးနိုင်ကာ ထုတ်ယူစိုက်ပျိုးသည့် ပျိုးပင်များကိုလည်း တစ်ပင်စိုက်တစ်ပင်ရှင်ဖြစ်အောင် ပြည်သူအားလုံးက ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အစိုးရစက်မှုလက်မှုသိပ္ပံ(ဘားအံ)မှ တာဝန်ရှိသူတစ်ဦးထံ ပျိုးပင်များ ဖြန့်ဝေပေးအပ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ဒုတိယတိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်အတူ ရှင်သန်ကြီးထွားရန်အကောင်းဆုံးအရွယ်ရှိသည့် အမြင့် နှစ်ပေနှင့်အထက်ရှိသော သစ်မျိုးရှစ်မျိုး၊ ပျိုးပင်ပေါင်း ၁၃၆၁ ပင်ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ပျော်ပျော်ပါးပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်အဆင့် မိုးရာသီ(တတိယအကြိမ်) သစ်ပင်စိုက်ပွဲတွင် သတ်မှတ်နေရာများအလိုက် စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အစိုးရစက်မှုလက်မှုသိပ္ပံ(ဘားအံ) ပင်မသုံးထပ်ဆောင် အဝင်လမ်းကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ပြီး အမည်မည်းစာရင်း(Black Lists)တွင် ပါဝင်နေသူများအား ဖြေလျှော့ပေးမည်

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းအချို့သည် အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းခွင်ကို စွန့်ခွာသွားကြသည့်အတွက် သက်ဆိုင်ရာဌာနများ၏ အမည်မည်းစာရင်း(Black Lists)တွင် ပါဝင်လျက်ရှိနေခြင်းကြောင့် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်ဆုံးရှုံးမှုများ ဖြစ်ပေါ်သည့်အပြင် ကာယကံရှင်များ၏ လူမှုဘဝများလည်း နစ်နာလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါနစ်နာမှုများအား ကုစားပေးနိုင်ရန်အလို့ငှာ ယင်းဝန်ထမ်းများကို လုပ်ငန်းခွင်စွန့်ခွာရသည့် အကြောင်းခြင်းရာအပေါ်မူတည်၍ အမည်မည်းစာရင်း (Black Lists)မှ ပယ်ဖျက်ဖြေလျှော့ပေးပြီး ဥပဒေဘောင်အတွင်း နေထိုင်သွားလာနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် ၁၅-၇-၂၀၂၄ ရက်မှစ၍ အဆိုပါဝန်ထမ်းများသည် မိမိတို့ရောက်ရှိနေသည့်နေရာတွင်ရှိသော ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ဌာန၏ ရုံးများသို့လည်းကောင်း၊ နီးစပ်ရာမြို့နယ်ခွဲ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့လည်းကောင်း၊ မြန်မာနိုင်ငံ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့လည်းကောင်း ပြန်လည်သတင်းပို့ကြပါရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၁၃-၇-၂၀၂၄)၊ ည (၈:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၂-၇-၂၀၂၄) ရက်နေ့၊ ည (၆:၀၀)နာရီမှ (၁၃-၇-၂၀၂၄)ရက်နေ့၊ ည (၆:၀၀)နာရီအထိ (၂၄) နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် (၇၂)ဦးရှိခဲ့ပြီး ၎င်းတို့အနက် (၁၉) ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၁၃-၇-၂၀၂၄) ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ (၉၁)ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သဖြင့် (၁၃-၇-၂၀၂၄) ရက်နေ့၊ ညနေ (၆:၀၀)နာရီအထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သော လူနာစုစုပေါင်း (၄၅၅) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ကွန်ပျူတာတက္ကသိုလ်(မြိတ်)နှင့် နည်းပညာတက္ကသိုလ်(မြိတ်)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတကာ Polytechnic University များအကြောင်း ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၃**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ကွန်ပျူတာတက္ကသိုလ်(မြိတ်)နှင့် နည်းပညာတက္ကသိုလ်(မြိတ်)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတကာ Polytechnic University များအကြောင်း ရှင်းလင်းဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(မြိတ်) အစည်း အဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံတကာ Polytechnic University များအကြောင်း ရှင်းလင်း ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေခြည်လဲ့လဲ့သိန်းက Polytechnic University နှင့် စပ်လျဉ်းသည့် သဘောသဘာဝနှင့် ဖြစ်ပေါ်လာမည့်အားသာချက်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Polytechnic University တွင် ထည့်သွင်းတိုးချဲ့တည်ဆောက်မည့် ကျောင်းသား ကျောင်းသူအဆောင်၊ Recreation Centre ၊ ဒုတိယပါမောက္ခချုပ်အိမ်ရာ၊ အရာရှိအိမ်ရာများနှင့် ဆရာ/ဆရာမအိမ်ရာတို့၏ ဒီဇိုင်းပုံစံများကိုကြည့်ရှုပြီး အနာဂတ်ဖြစ်ပေါ်လာမည့် လိုအပ်ချက်များနှင့်အညီ တင်ပြဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ ကွန်ပျူတာခန်း၊ စက်ပစ္စည်းများ၊ စာကြည့်တိုက်၊ အလုပ်ရုံများ၊ အားကစားရုံ၊ အားကစားကွင်းများနှင့် တက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာရေးနှင့် ဥပမိရပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အစိုးရနည်းပညာအထက်တန်းကျောင်း (မြိတ်)သို့ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံကာ စာတွေ့သာမက လက်တွေ့လုပ်ငန်းခွင် အသုံးချနိုင်သည့် သင်ကြားသင်ယူမှုများကို ဆောင်ရွက်ရန်၊ ဒေသနှင့်ကိုက်ညီသောသင်တန်းများဖွင့်လှစ်နိုင်ရေး ဒေသတွင်းလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဖွင့်လှစ်ဆောင်ရွက်သွားရန်၊ ကျောင်းသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး ဆောင်ရွက်ရန်မှာကြား၍ စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ စက်ပစ္စည်းများ၊ စာကြည့်တိုက်၊ အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့မွန်းလွဲပိုင်းက ကွန်ပျူတာတက္ကသိုလ်(မြိတ်) အစည်းအဝေးခန်းမ၌ ကျင်းပသော နိုင်ငံတကာ Polytechnic University များအကြောင်း ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေခြည်လဲ့လဲ့သိန်းက Polytechnic University နှင့် စပ်လျဉ်းသည့် သဘောသဘာဝနှင့် ဖြစ်ပေါ်လာမည့် အားသာချက်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသော ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အတူတကွ လက်ဖက်ရည်သုံးဆောင်ကြပြီး ဌာနခန်းများ၊ စာသင်ခန်းများ၊ Lab ခန်းများ၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်းနှင့် တက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာရေးနှင့် ဥပမိရပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောက်ဆည်မြို့နယ် အရှေ့သံရွာ၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေးဟောပြော

**ကျောက်ဆည် ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းများကို "ပြည်သူအားလုံး ပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့" ဆောင်ပုဒ်နှင့်အညီ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် လွယ်ကူစေရေး လူထုအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အရှေ့သံရွာကျေးရွာ ချမ်းသာကြီး ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မင်းက ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ရပ်ကွက်/ကျေးရွာများတွင် သန်းခေါင်စာရင်းများ ကောက်ယူရန်အတွက် ရပ်ကွက်/ကျေးရွာ သန်းခေါင်စာရင်းကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်ကြောင်းနှင့် မြို့နယ်ရဲမှူး ကျော်စိုးဦးက သန်းခေါင်စာရင်းများ ကောက်ယူရာတွင် အေးချမ်းစွာဖြင့် လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး အကြောင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်ဆည်မြို့နယ်ရုံးမှ ဦးစီးမှူး ဦးအောင်ထားရွှေက သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ သမိုင်းကြောင်းများ ရှင်းလင်းပြောကြားပြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ အသိပညာပေး ဟောပြောပွဲသို့ သံရွာကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ပြည်သူ ၃၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)မှ ဖိတ်ခေါ်ပါသည်

သီသီဆောင်း



ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် ပြတိုက်ပေါ်တက်ရန် အုတ်လှေကား။

အထိမ်းအမှတ်ပြတိုက်ဟူသည် နိုင်ငံ့သမိုင်းကြောင်းတွင် မျိုးချစ်စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှုကို လှုံ့ဆော်ပေးသည့်၊ ထူးခြားထင်ရှားသည့် အရေးပါသော လူပုဂ္ဂိုလ်များ၊ သမိုင်းဝင်ဖြစ်ရပ်ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်၊ နေရာ၊ အဆောက်အအုံကို အများပြည်သူတို့ အမြဲအမှတ်ရနိုင်စေရန် တည်ဆောက်ထားသော ပြတိုက်အမျိုးအစားပင် ဖြစ်ပါသည်။

ထိုနိုင်ငံ့သူရဲကောင်းတို့၏ မေ့မရဖွယ် အမှတ်တရများကို မမေ့မလျော့ဘဲ အမြဲမှတ်မိစေရန်၊ ထိုသူတို့၏ သမိုင်းဂုဏ်ရောင်ပြောင်မြောက်သည့် ကြိုးပမ်းမှုများကို ဂုဏ်ပြုရန်၊ လာရောက်လေ့လာသူ ဧည့်ပရိသတ်များမှ မိမိနိုင်ငံ၏ မော်ကွန်းတင်သည့် ရာဇဝင်သမိုင်းကြောင်းများကို ပိုမိုနားလည်သိရှိလာစေရန်အတွက် ပြည်သူလူထုအား အသိပညာပေးနိုင်ရန် ရည်ရွယ်၍ အထိမ်းအမှတ်ပြတိုက် (Memorial Museum)တည်ဆောက်ထားခြင်း ဖြစ်ပါသည်။

အထိမ်းအမှတ်ပြတိုက်များ ထွန်းကားလာခြင်းသည် နိုင်ငံ့သူရဲကောင်းများ၏ ဘဝဖြစ်စဉ်များနှင့် ထိုသူတို့၏အရေးပါမှုကို တစ်ကမ္ဘာလုံးက သိရှိနိုင်သည့် စုပေါင်းဝိသေသလက္ခဏာ (collective identity) နှင့် စဉ်ဆက်မပြတ် ရှင်သန်လာစေခြင်း (continuity) ပင်ဖြစ်သည်။ ထိုပြတိုက်များသည် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အောက်မေ့ဖွယ် အမှတ်ရစရာများကို ဂုဏ်ပြုရန်နှင့် ထိုသူတို့ကို ကိုယ်စားပြုသည့် သမိုင်းတစ်ခေတ်ရေစီးကြောင်းကို နက်နဲစွာ နားလည်သဘောပေါက်ရန် သိလိုသူများအတွက် လေ့လာရာနေရာများ ဖြစ်လာပါသည်။ ဆိုရလျှင် ထိုသူတို့သေဆုံးပြီးနောက် အထိမ်းအမှတ်ပြတိုက်အဖြစ် ထိန်းသိမ်းထားသော ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်တစ်ဦး၏ အိမ်သည် ထိုသူတို့နေထိုင်ခဲ့သည့် လူနေမှုဘဝနှင့် ထိုသူတို့၏ ရာဇဝင်တွင်သည့် သမိုင်းကြောင်းဆိုင်ရာ အချက်အလက် မှတ်တမ်းများကို အများပြည်သူတို့ နှလုံးသားဆီ ထိုးထွင်းသိမြင်မှု ပေးစွမ်းစေနိုင်ပါသည်။

အထိမ်းအမှတ်ပြတိုက်များ၏ ပြတိုက်ပညာပေးရေးမှာ ဘက်စုံကျယ်ပြန့်ပြီး နိုင်ငံ့သူရဲကောင်းများ၏ သမိုင်းကြောင်းများ၊ နိုင်ငံ့ခေါင်းဆောင်များအား အမှတ်ရမှုများကို ထိန်းသိမ်းရုံသာမက ထိုသူတို့၏ လုပ်ဆောင်ချက်များနှင့် ထိုသူတို့ရပ်တည်ခဲ့သည့် တန်ဖိုးများအပေါ် နိုင်ငံသားတို့၏ ရောင်ပြန်ဟပ်စေမှုများအပြင် ထိုသူတို့၏ကြိုးပမ်းမှုများမှတ်စဆင့်၊ ရာဇဝင်သမိုင်း မော်ကွန်းထိုးနိုင်သည့် အမှတ်တရများ၊ မျိုးချစ်စိတ်ဓာတ်နှင့် ခေါင်းဆောင်မှု၏ အရေးပါမှုကို လူ့အဖွဲ့အစည်းအတွင်း ပိုမိုကျယ်ပြန့်စွာ နားလည်သဘောပေါက်လာစေရန် ပြတိုက်ပညာပေးခြင်း အခန်းကဏ္ဍသည် အရေးကြီးလှပေသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သည် အထိမ်းအမှတ်ပြတိုက် အမျိုးအစားတွင်ပါဝင်ပြီး မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၅ ခုနှစ် မှ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့အထိ နေထိုင်ခဲ့သည့်နေအိမ်အား အထိမ်းအမှတ်ပြတိုက်အဖြစ် ဖွင့်လှစ်ခင်းကျင်းပြသထားခြင်းပင်ဖြစ်ပါသည်။ ပြတိုက်၏ တည်နေရာမှာ အမှတ်-၂၅၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗိုလ်ချုပ်ပြတိုက်လမ်း (ယခင်တာဝါလိန်းလမ်း)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၌တည်ရှိပြီး ၂ ဒသမ ၄၂၃ ဧကကျယ်ဝန်းသည့် ဘဲဥပုံသဏ္ဌာန်(Oval Shape) မြေကွက်ပေါ်ရှိ ၁၈ပေမြင့်သော ကုန်းမြင့်ပေါ်တွင် ၂၀ ရာစု ဥရောပပုံစံ ဗိသုကာလက်ရာဒီဇိုင်းများဖြင့် ၁၉၂၀-၁၉၂၁ ခုနှစ်ခန့်တွင် တည်ဆောက်ထားသည့် အဆောက်အအုံ ဖြစ်ပါသည်။

၁၉၅၇ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ထံမှ ပရိဘောဂပစ္စည်း ၅၃ မျိုးနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို စုဆောင်းရရှိခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ကိုယ်တိုင် ပစ္စည်းများကို မူလပုံစံအတိုင်း နေရာချ ခင်းကျင်းပေးခဲ့ပြီး ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အများပြည်သူ လေ့လာကြည့်ရှုနိုင်ရန် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အဖြစ် စတင်ဖွင့်လှစ်ပြသခဲ့ပါသည်။

**ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို စတင်လေ့လာရသော်**

ဗိုလ်ချုပ်အောင်ဆန်းပြတိုက် အဝင်မှ ကုန်းတစ်လျှောက် တက်လမ်းအတိုင်းတက်လျှင် ကုန်းပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်အိမ်အဆောက်အအုံသို့တက်ရမည့် အမိုးမိုးထားသည့် အုတ်လှေကားသို့ ရောက်ပါသည်။ အုတ်လှေကား၏ထိပ် စင်္ကြံလမ်း၏ ညာဘက်နံရံတွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သမိုင်းကြောင်းကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရှင်းလင်းပြသထားပြီး စင်္ကြံလမ်း၏ ဘယ်ဘက်နံရံပေါ်တွင် နေအိမ်အောက်ထပ်နှင့် အပေါ်ထပ်ဖွဲ့စည်းပုံ (Floor Plan) ရှိပါသည်။

**ထမင်းစားခန်း**

ပထမဦးဆုံး ထမင်းစားခန်းသို့ ဝင်ရောက်လေ့လာသောအခါ ဗိုလ်ချုပ်၏ ဇာတာ၊ ဗိုလ်ချုပ်ငယ်ဘဝက နေထိုင်ခဲ့သော နတ်မောက်မြို့မှ နေအိမ်ပုံစံငယ်၊ဘုံဘေဘားမားအိမ်ထောင်ပရိဘောဂတိုက် ရန်ကုန်မြို့တံဆိပ်ပါ အပိုင်းသုံးဆက်ဒီဇိုင်း ကျွန်းထမင်းစားပွဲခုံအရှည်နှင့် ကျွန်းကုလားထိုင် ၁၀ လုံး၊ စတုရန်းပုံ နှစ်ထပ်ဗီရိုထဲတွင် ဗိုလ်ချုပ်မိသားစုအသုံးပြုခဲ့သော မူရင်းပန်းကန်လုံး၊ ပန်းကန်ပြား၊ ကရား၊ ငွေဖြင့်ပြုလုပ်ထားသည့် ဇွန်းခက်ရင်းများ၊ Made in England တံဆိပ်ပါ ပန်းကန်များ စသည့် ထမင်းစားခန်းသုံးပစ္စည်းများ ထည့်သွင်းပြသထားပါသည်။

ထို့ပြင် ထမင်းစားခန်းအဝင်ဝ၌ ဖြုတ်၍ တပ်၍ရသော ကျွန်းလင်ပန်းအရှင် တွဲလျက်ပါရှိပြီး အောက်တွင် ရွှေ့လျားနိုင်သည့် ဘီးလေးလုံးပါ ကျွန်းသုံးဆင့်ပစ္စည်းတင်စင်ကို တွေ့ရှိရမည်ဖြစ်သည်။ ၎င်းတွန်းလှည်းဖြင့် စားသောက်ဖွယ်ရာများကို စားဖိုဆောင်မှသယ်ဆောင်လာပြီး တည်ခင်းဧည့်ခံခဲ့သည်ဟု ခန့်မှန်းရပါသည်။ ပန်းကန်များ တစ်ချပ်နှင့်တစ်ချပ်ကြားတွင် မကွဲစေရန် ကြားခံထည့်ထားသည့် ၁၉၅၈-၁၉၅၉ ခုနှစ်ထုတ် သတင်းစာများကို တွေ့ရှိရခြင်းဖြင့် ထိုခေတ်ကာလ၏ နိုင်ငံရေး အခြေအနေပုံရိပ်များကို မြင်တွေ့ရမည် ဖြစ်ပါသည်။

စားပွဲပေါ်တွင် "ကြည် ပဲပြုတ်နှင့်နံပြားရရင် စားချင်တယ်"ဟု ဗိုလ်ချုပ် လက်မှတ်ရေးထိုးထားသည့်စာနှင့်အတူ ပဲပြုတ်နှင့်နံပြား ပြင်ဆင်ထားပုံကိုလည်း တွေ့မြင်ရမည်ဖြစ်ပါသည်။ ဗိုလ်ချုပ်၏ ငယ်ဘဝ၊ ကျောင်းသားဘဝ၊ မိသားစုဘဝ၊ နိုင်ငံ့ခေါင်းဆောင်ဘဝစသဖြင့် ဗိုလ်ချုပ်၏ ဘဝဖြစ်စဉ်များကို မြန်မာ- အင်္ဂလိပ်နှစ်ဘာသာဖြင့် ရှင်းလင်းပြသထားပါသည်။

၎င်းနေရာတွင် ဗိုလ်ချုပ်မွေးဖွားသည်မှ ကျဆုံးသည့်အချိန်ထိ ဘဝဖြစ်စဉ်အကျဉ်းချုပ်ကို ဖော်ပြရသော်-

"မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ခရစ်သက္ကရာဇ် ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၂၇၆ ခုတပေါင်းလဆန်း ၁ ရက် စနေနေ့) နံနက် သုံးချက်တီးအချိန်တွင် မကွေးတိုင်း နတ်မောက်မြို့ မြို့သူကြီးအိမ်၌ သန့်စင်ဖွားမြင်သည်။ ဗေဒင်ဆရာက ဇာတာတွင် ထိန်လင်းဟု အမည်ရေးသော်လည်း အစ်ကိုဖြစ်သူ အောင်သန်းနှင့်လိုက်ဖက်အောင် အောင်ဆန်းဟု ခေါ်တွင်ပါသည်။

၁၉၂၂ (အသက် ခုနစ်နှစ်)တွင် နတ်မောက်မြို့ ဆရာတော်ဦးသောဘိတထံတွင် မူလတန်းပညာ စတင်သင်ကြားခဲ့ပြီး ၁၉၃၂ တွင် ရေနံချောင်း အမျိုးသားအထက်တန်းကျောင်းမှ အထက်တန်းအောင်ကာ ရန်ကုန်တက္ကသိုလ် တက်ရောက်ခဲ့သည်။

၁၉၃၇ ခုနှစ်တွင် ခုံအမှတ် ၅၆ ဖြင့် ဝိဇ္ဇာတန်းအောင်မြင်ခဲ့ပြီး ဥပဒေပညာကို ဆည်းပူးလိုသောကြောင့် ၁၉၃၇-၁၉၃၈ တွင် ဘီအယ်လ်တန်းကို တက်ရောက်သင်ကြားခဲ့ပါသည်။

၁၉၃၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ်မှလည်းကောင်း၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌအဖြစ်မှလည်းကောင်း နုတ်ထွက်ကာ တို့ဗမာအစည်းအရုံးဝင် သခင်တစ်ယောက်အဖြစ် နိုင်ငံရေးလောကသို့ ခြေစုံပစ်၍ ဝင်ခဲ့သည်။

၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၈ ရက်နေ့ ညနေစောင်း ၅ နာရီတွင် မြန်မာ့လွတ်လပ်ရေးအတွက် နိုင်ငံခြားအကူအညီယူရန် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့သည် နော်ဝေပိုင် ဟိုင်လီ (Hai Lee) သင်္ဘောဖြင့် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံ အမွိုင်သို့ ထွက်ခွာသည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့၌ ရဲဘော်သုံးကျိပ်နှင့်အတူ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်း၍ ဗိုလ်တေဇ အမည်ကို ခံယူသည်။

၁၉၄၂ ခုနှစ် စက်တင်ဘာ ၆ ရက် နေ့လယ် ၂ နာရီတွင် ဂျပန်ခေတ် ဆေးရုံကြီးအရှေ့ဘက် အစွန်ဆုံးခန်းမဆောင်တွင် ဒေါ်ခင်ကြည်နှင့် လက်ထပ်မင်္ဂလာပွဲကျင်းပကာ သားသမီးလေးဦး ထွန်းကားခဲ့ပါသည်။

၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဒေါက်တာဘမော်အစိုးရအဖွဲ့၌ စစ်ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဘုရင်ခံ၏အမှုဆောင်ကောင်စီ၌ ဒုတိယသဘာပတိရာထူးကို လက်ခံသည်။

**"ပြတိုက်၏တည်နေရာမှာ အမှတ်-၂၅၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗိုလ်ချုပ်ပြတိုက်လမ်း (ယခင်တာဝါလိန်းလမ်း)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၌တည်ရှိပြီး ၂ ဒသမ ၄၂၃ ဧကကျယ်ဝန်းသည့် ဘဲဥပုံသဏ္ဌာန်(Oval Shape) မြေကွက်ပေါ်ရှိ ၁၈ ပေမြင့်သော ကုန်းမြင့်ပေါ်တွင် ၂၀ ရာစု ဥရောပပုံစံဗိသုကာလက်ရာဒီဇိုင်းများဖြင့် ၁၉၂၀-၁၉၂၁ ခုနှစ်ခန့်တွင် တည်ဆောက်ထားသည့် အဆောက်အအုံဖြစ်ပါသည်။ ၁၉၅၇ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ထံမှ ပရိဘောဂပစ္စည်း ၅၃ မျိုးနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို စုဆောင်းရရှိခဲ့သည်။ ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အများပြည်သူလေ့လာကြည့်ရှုနိုင်ရန် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အဖြစ် စတင်ဖွင့်လှစ်ပြသခဲ့ပါသည်"**

*စာမျက်နှာ ၇ သို့*



ပြတိုက်အတွင်းဧည့်ခန်းထဲမှ ဗိုလ်ချုပ်စာဖတ်နေဟန် ဆီလီကွန်ရုပ်တု။



ပြတိုက်အောက်ထပ်ဧည့်ခန်းအတွင်းမှ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် မိသားစုဓာတ်ပုံများ။

*စာမျက်နှာ ၆ မှ*

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဦးစီးကာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှအစိုးရဝန်ကြီးချုပ် မစ္စတာအက်တလီတို့ ဘိလပ်၌ အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တိုင်းရင်းသား သွေးစည်းညီညွတ်ရေးအတွက် ပင်လုံသဘောတူညီချက်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင် ၂၂ ဦး လက်မှတ်ရေးထိုးသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမ၌ လူထုအစည်းအဝေးကျင်းပ၍ ဗိုလ်ချုပ်အောင်ဆန်းက လက်ရှိ တိုင်းပြုပြည်ပြုလွှတ်တော်ပုံသဏ္ဌာန်နှင့် လွတ်လပ်ရေး တစ်နှစ်အတွင်းရစေရန် အာမခံကြောင်း မိန့်ခွန်းပြောကြားသည်။ (ဤမိန့်ခွန်းသည် ဗိုလ်ချုပ်၏ နောက်ဆုံးမိန့်ခွန်းဖြစ်သည်။)

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အစည်းအဝေးပြုလုပ်နေစဉ် ဂဠုန်ဦးစော၏နောက်လိုက် လူသတ်သမားများ လက်ချက်ဖြင့် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ ဦးအုန်းမောင်နှင့် ရဲဘော် ကိုထွေးတို့ ကျဆုံးသည်။”

ထမင်းစားခန်းတွင် အထက်ပါအကြောင်းအချက်များကိုလေ့လာပြီးသော်

**ဧည့်ခန်း**

ဗိုလ်ချုပ်နေအိမ်၏ဧည့်ခန်းသို့ ရောက်ရှိရာ ပန်းချီဆရာကြီး ဦးငွေကိုင် ရေးဆွဲခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း စိုက်ပျိုးရေးပြုလုပ်နေဟန် “အိမ်နောက်ဖေးဈေးဆိုင်တည်” ဆီဆေးပန်းချီကားကြီး၊ ဗိုလ်ချုပ်ကိုယ်တစ်ပိုင်းပုံ ပလာစတာရုပ်တု၊ ဗိုလ်ချုပ်အသုံးပြုခဲ့သော စားပွဲနှင့် ထိုင်ခုံဆက်တီများ၊ တင်ခုံပေါ်တွင် ဗိုလ်ချုပ်နားထောင်ခဲ့သည့် (Philip) အမျိုးအစားရေဒီယို၊ ဗိုလ်ချုပ်စာဖတ်နေဟန် ဆီလီကွန်ရုပ်တုကို ဗိုလ်ချုပ်အပန်းဖြေစဉ် အသုံးပြုသော နှစ်ဆင့်ပါစာအုပ်တင်ခုံ၊ လောင်းကုတ်ဝတ်ဆင်ထားသည့် ဗိုလ်ချုပ်အောင်ဆန်းပုံတူမတ်ရပ်ပန်းချီကား နောက်ခံထားကာ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်၊ သားဦး အောင်ဆန်းဦး၊ သားလတ် အောင်ဆန်းလင်းတို့ ရိုက်ထားသော မိသားစုဓာတ်ပုံတို့ကို ပြသထားပါသည်။

ဧည့်ခန်းမှအထွက် လှေကား၏ဘေးတွင် ဗိုလ်ချုပ်အောင်ဆန်း ဖိနပ်ထိုင်စီးရာတွင် အသုံးပြုခဲ့သည့် ကုလားထိုင်ကိုလည်း ပြသထားပါသည်။ ဧည့်ခန်းထောင့်တွင် ဗိုလ်ချုပ်နှင့်အဖွဲ့ အောင်ဆန်း-အက်တလီစာချုပ်ချုပ်ဆိုရန် လန်ဒန်သို့အသွား

**“အဆင့်လေးဆင့်ပါရှိသော စာအုပ်ဗီရိုကြီးထဲ၌ စွယ်စုံကျမ်းများ၊ စစ်သမိုင်းများ၊ ဘောဂဗေဒကျမ်းများ၊ နိုင်ငံရေးဆိုင်ရာ၊ သမိုင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ပထဝီဝင်ဆိုင်ရာစာအုပ်များ ပြသထားရာ အများဆုံးမှာ နိုင်ငံရေးဆိုင်ရာ စာအုပ်များဖြစ်ပြီး အင်္ဂလိပ်ဘာသာ ၂၃၉ အုပ်၊ မြန်မာဘာသာနှစ်အုပ် စုစုပေါင်း ပြတိုက်စာရင်းအရ ဗိုလ်ချုပ်ဖတ်ရှုလေ့လာခဲ့သောစာအုပ် ၂၄၁ အုပ် တွေ့ရပေသည်”**

အိန္ဒိယနိုင်ငံသို့ဝင်ရောက်၍ နိုင်ငံရေးကိစ္စများ ဆွေးနွေးစဉ် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ဂျဝါဟာလ်လာ မစ္စတာနေရူးက ဗိုလ်ချုပ်အောင်ဆန်းအား ၅-၁-၁၉၄၇ ရက်တွင် လက်ဆောင်ပေးအပ်ခဲ့သော သက္ကလပ်လောင်းကုတ်အင်္ကျီကို မတ်ရပ်မှန်ဗီရိုအတွင်း ပြသထားပြီး ၎င်းကုတ်အင်္ကျီပေါ်ရှိ ကြယ်သီးတွင် အိန္ဒိယဆေးပညာဆိုင်ရာ ဌာနအမည်နှင့် GRJ စာလုံးအမှတ်အသားပါရှိကာ ကုတ်အင်္ကျီသက်တမ်းမှာ ၇၇ နှစ်ကျော်ရှိပြီ ဖြစ်ပါသည်။

**ဗိုလ်ချုပ်ဇနီးမောင်နှံအိပ်ခန်း**

အပေါ်ထပ်သို့ လှေကားမှ ဆက်လက်တက်လာရာတွင် လှေကားထိပ်ဘယ်ဘက် ဗိုလ်ချုပ် ဇနီးမောင်နှံအိပ်ခန်းတွင် မှန်တင်ခုံတစ်ခု၊ ကျွန်းသားနှင့်ပြုလုပ်ထားသော လေးဆင့် မှန်ဗီရိုတစ်လုံးထဲတွင် ဗိုလ်ချုပ်ဝတ်ဆင်အသုံးပြုခဲ့သော အဝတ်အစား၊ စစ်ယူနီဖောင်း၊ အသုံးအဆောင်ပစ္စည်းများ၊ ဗိုလ်ချုပ်တို့ ဇနီးမောင်နှံအိပ်သော ကျွန်းခုတင်နှင့် မွေ့ရာ၊ ခေါင်းအုံးနှစ်လုံး၊ ခြင်ထောင်တို့ကို ပုံစံမပျက် ခင်းကျင်းပြသထားပြီး ခုတင်ခြေရင်းတွင် အဝတ်လှန်းစင်တစ်ခုကို တွေ့ရပါသည်။

၎င်းနှင့်ကပ်၍ ဗီရိုတွင် နိုင်ငံ့ခေါင်းဆောင်တစ်ယောက်အနေဖြင့် နိုင်ငံ့ကိစ္စများအတွက် အရေးပေါ်ခရီးထွက်ရာတွင် ယူဆောင်ရမည့် အဝတ်အစား အသုံးအဆောင်များ အဆင်သင့်ထည့်ထားသည့် သားရေသေတ္တာနှင့် ၎င်းသေတ္တာတွင်းရှိ စစ်အင်္ကျီနှစ်ထည်၊ ပိုးအင်္ကျီတစ်ထည်၊ စွပ်ကျယ်လက်စက နှစ်ထည်၊ ပိုးပုဆိုး သုံးထည်၊ အတွင်းခံဘောင်းဘီတို ခုနစ်ထည်၊ ဘောင်းဘီတို နှစ်ထည်၊ အိပ်ရာခင်းတစ်ထည်၊ စောင်တစ်ထည်၊ ချည်သားစပို့ရှပ်အင်္ကျီနှစ်ထည်၊ စွပ်ကျယ်တစ်ထည်၊ လက်ကိုင်ပဝါတစ်ထည်စသည်တို့တွေ့ရပြီး ထူးခြားချက်အနေဖြင့် အချို့သော အဝတ်အစား၊ အသုံးအဆောင်များတွင် ဗိုလ်ချုပ်အောင်ဆန်း၏အမည်အတိုကောက် AS ဆိုသည့် စာလုံး ရေးထိုးထားသည့် အဝတ်အထည်များကိုလည်း တွေ့ရပေသည်။

**ဘုရားဆောင်**

ဗိုလ်ချုပ်ပြတိုက်၏ သက်တမ်းသည် နှစ်ပေါင်းရာကျော်နေပြီဖြစ်သဖြင့် ပြတိုက် ရေရှည်တည်တံ့စေရန်နှင့် ပြတိုက်၏ကြံ့ခိုင်မှုအတွက် ဘုရားဆောင်ပေါ်သို့ အများပြည်သူတို့ တက်ရောက်ခွင့်မပြုနိုင်ပါသဖြင့် အခန်းထောင့်တွင် အပေါ်ထပ်ဘုရားဆောင်သို့တက်သည့် လှေကားဘေးရှိ ဘုတ်ပြားပေါ်တွင် ဗိုလ်ချုပ်နတ်မောက်မြို့၌ နေထိုင်ခဲ့စဉ်က ကိုးကွယ်ခဲ့သော ဗုဒ္ဓဆင်းတုတော်ပုံ၊ ဗိုလ်ချုပ်၏ ဘုရားဆောင်မှ ဘုရားစင်ပုံ၊ ဘုရားဆောင် ပြတင်းပေါက်မှ ဖူးမြင်ရသော ရွှေကြက်ယက်ဘုရားရှုခင်းပုံနှင့် ရွှေတိဂုံဘုရားရှုခင်းပုံများအား ကြည်ညိုဖွယ်ပြသထားပါသည်။

**စာကြည့်ခန်း**

စာကြည့်ခန်းသို့ ဆက်လက်လေ့လာလျှင် ဗိုလ်ချုပ်စာရေးသော စာရေးစားပွဲခုံနှင့် ထိုင်ခုံတစ်လုံးစီ ခင်းကျင်းပြသထားရာ စားပွဲခုံကြီး၏ဘေးတစ်ဖက်စီတွင် စာအုပ်တင်စင် အလွတ်တစ်လုံးစီ ရှိပါသည်။ စားပွဲခုံ၏ ရှေ့တွင်လည်း ထိုင်ခုံနှစ်လုံး ချထားပါသည်။

စာကြည့်စားပွဲခုံ၏ဘေးနံရံတွင် အဆင့်လေးဆင့်ပါရှိသော စာအုပ်ဗီရိုကြီးထဲ၌ စွယ်စုံကျမ်းများ၊ စစ်သမိုင်းများ၊ ဘောဂဗေဒကျမ်းများ၊ နိုင်ငံရေးဆိုင်ရာ၊ သမိုင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ပထဝီဝင်ဆိုင်ရာ စာအုပ်များ ပြသထားရာ အများဆုံးမှာ နိုင်ငံရေးဆိုင်ရာ စာအုပ်များဖြစ်ပြီး အင်္ဂလိပ်ဘာသာ ၂၃၉ အုပ်၊ မြန်မာဘာသာနှစ်အုပ် စုစုပေါင်း ပြတိုက်စာရင်းအရ ဗိုလ်ချုပ်ဖတ်ရှုလေ့လာခဲ့သောစာအုပ် ၂၄၁ အုပ် တွေ့ရပေသည်။

မြန်မာဘာသာဖြင့် ရေးသားထားသော စာအုပ်နှစ်အုပ်မှာ သုသောဘိသရာဇဝင်နှင့် မဏိကုဏ္ဍလဝတ္ထုတို့ဖြစ်ပြီး အင်္ဂလိပ်ဘာသာစာအုပ်များအနက် ၁၈၉၇ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေထားသည့် With the Jungle Folk စာအုပ်သည် အစောဆုံးပုံနှိပ်ထုတ်ဝေသည့် စာအုပ်ဖြစ်ပြီး မြန်မာ့ကျေးလက်နေပြည်သူများ၏ နေ့စဉ်လူနေမှုဘဝအကြောင်း သရုပ်ဖော် ရေးသားထားခြင်းဖြစ်သည်။ ဗိုလ်ချုပ်ကျဆုံးချိန်တွင် အသက် ၃၂ နှစ်သာ ရှိသေးသော်လည်း ဗိုလ်ချုပ်ဖတ်ခဲ့သည့် စာအုပ်များမှာ အင်္ဂလိပ်ဘာသာဖြင့် အများအပြားတွေ့ရှိရပြီး ဘာသာရပ်စုံ လေ့လာဖတ်ရှုခဲ့သည်ကို တွေ့ရှိရသဖြင့် ဗိုလ်ချုပ်၏ စာဖတ်အားကောင်းမှုကို ယနေ့လူငယ်များ အားကျအတုယူဖွယ် ဖြစ်ပါသည်။

**ကလေးများအိပ်ခန်း**

ကလေးများအိပ်ခန်းနံရံ၏ ထောင့်တွင် ကိုယ်လုံးပေါ်မှန်၊ အဝတ်လှန်းစင်တစ်ခု၊ အောင်ဆန်းလင်း အဝတ်အစားများထည့်ထားသော ဗီရိုတစ်လုံးတို့ရှိပါသည်။ ထို့နောက် စိန့်ပေါလ်ကျောင်း (ယခု အထက(၆) ဗိုလ်တထောင်)တွင် ဒုတိယတန်းတက်နေသည့် အောင်ဆန်းလင်း၏ ကျောင်းသင်ခန်းစာ ဖတ်စာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကိုပြသထားရာ ထိုခေတ်၏ ဒုတိယတန်းတွင် သင်ကြားသော သမိုင်း၊ ပထဝီ၊ သင်္ချာ၊ အင်္ဂလိပ်စာသင်ရိုးညွှန်းတမ်းနှင့် ပညာရေးစနစ်အဆင့်မြင့်မားမှု၊ စနစ်ကျမှုကိုလည်း တွေ့မြင်နိုင်ပေသည်။

ထိုစဉ်က အသုံးပြုခဲ့သည့် စီးကရက်ဘူးခွံများကို ကလေးများကစားရန် ကစားစရာကတ်လေးများ (Playing Card) ပြုလုပ်ပေးထားသည့်ကတ်များကိုလည်း ပြသထားပြီး အချို့ကတ်များတွင် ကလေးများ၏နာမည် အတိုကောက်စာလုံးများဖြစ်သည့် ASL, ASU ဟု ရေးထိုးထားသည်ကို တွေ့မြင်ရပါသည်။ ထို့ပြင် အောင်ဆန်းလင်းရေနစ်သေဆုံးသည့် ၁၆-၁-၁၉၅၃ ရက်နေ့တွင် စာသင်ကြားခဲ့သည့် လက်ရေးမူကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် မှန်ဗီရိုဖြင့် ထည့်သွင်းပြသထားပါသည်။

၎င်းအိပ်ခန်းအလယ်တွင် အောင်ဆန်းဦး၊ အောင်ဆန်းလင်း၊ အောင်ဆန်းစုကြည်တို့အိပ်သည့် ခုတင်သုံးလုံးကို မွေ့ရာ၊ ခေါင်းအုံး၊ ခြင်ထောင်များဖြင့် ခင်းကျင်း ပြသထားပါသည်။ ဤအခန်းတွင် ဗိုလ်ချုပ်ပြတိုက်သမိုင်းကြောင်း၊ ဗိုလ်ချုပ်၏ ငယ်ဘဝ၊ ကျောင်းသားဘဝ၊ မိသားစုဘဝ၊ နိုင်ငံ့ခေါင်းဆောင်ဘဝ စသဖြင့် ဗိုလ်ချုပ်၏ ဘဝဖြစ်စဉ်များကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့်လည်းကောင်း၊ မိန့်ခွန်းများ၊ လက်ရေးမူများ၊ ဗိုလ်ချုပ်ပုံဖြင့် ထုတ်ဝေထားသော ငွေစက္ကူပုံများကိုလည်းကောင်း Touch Screen တွင်ထည့်သွင်း၍ Digital နည်းဖြင့် ပြသထားပါသည်။

**အထူးအစည်းအဝေးခန်း**

ကလေးများ၏ အိပ်ခန်းမှထွက်လျှင် အထူးအစည်းအဝေးခန်းသို့ ရောက်ရှိပါသည်။ အစည်းအဝေးခန်းမတွင် လက်တင်ကျောမှီ ပက်လက်ထိုင်ခုံနှင့် စာအုပ်တင်ခုံတစ်လုံးရှိပြီး အလယ်တွင် စားပွဲဝိုင်းနှင့်

*စာမျက်နှာ ၈ သို့*

# (၇၇)နှစ်မြောက် အာဇာနည်နေ့အကြို ဟောပြောပွဲနှင့် ပြိုင်ပွဲများ မြို့နယ်အသီးသီး၌ကျင်းပ

ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် အာဇာနည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောင်းသား ကျောင်းသူများအား အာဇာနည်နေ့အကြောင်း အသိပညာပေးဟောပြောပွဲများ၊ စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများ၊ စာအုပ်စာစောင်ပြပွဲများကို မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျင်းပလျက်ရှိသည်။

**တောင်ငူ**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ အာဇာနည်နေ့အကြို ဟောပြောပွဲ၊ စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကို ဇူလိုင် ၁၂ ရက်က ကျင်းပရာ ကျောင်းအုပ်ကြီး နော်ဖောဇာအေးနှင့် ဆရာမ ဒေါ်မြတ်မိုးနွယ်တို့က အာဇာနည်နေ့ဖြစ်ပေါ်လာပုံ၊ အာဇာနည်ကိုးဦးတို့၏ မြန်မာ့လွတ်လပ်ရေးအတွက် အသက်စွန့်ကြိုးပမ်းမှုများကို အသိပညာပေးဟောပြောဆွေးနွေးသည်။

ထို့နောက် အာဇာနည်နေ့အကြို မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပရာ ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၆၀၊ စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၈၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **ခရိုင် (ပြန်/ဆက်)**



**ကျောက်တန်း**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ရွှေမော်ဝန်းရတနာခန်းမ၌ ဇူလိုင် ၁၂ ရက်က ကျင်းပသည့် ဟောပြောပွဲတွင် အဆိုပါကျောင်းမှ အထက်တန်းပြဆရာ ဦးချစ်လပြည့်က အာဇာနည်နေ့ပေါ်ပေါက်လာပုံ၊ နောက်ခံသမိုင်းအကျဉ်း၊ အာဇာနည်နေ့ကို နှစ်စဉ်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ အာဇာနည်ခေါင်းဆောင်ကြီးကိုးဦးတို့၏ အတ္ထုပ္ပတ္တိအကျဉ်းများကို ကျောင်းသား ကျောင်းသူများအား အသိပညာပေး ရှင်းလင်းဟောပြောကာ ဟောပြောပွဲသို့ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းစိုး(ကျောက်တန်း)**

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ပင်လုံခန်းမ၌ ဇူလိုင် ၁၀ ရက်က ကျင်းပသည့် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့ခင်က အာဇာနည်နေ့ပေါ်ပေါက်လာပုံ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများက လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပုံများ၊ အာဇာနည်နေ့ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ အထက်တန်းပြဆရာ ဦးထက်အာကာက အာဇာနည်ကြီးများ အသက်ပေးခဲ့ရသည့် လွတ်လပ်ရေးကို အစဉ်ထာဝရတည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်ကြရန်၊ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရေးအတွက် နိုင်ငံတော်အစိုးရ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် စသည်တို့ကို ဟောပြောကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း အာဇာနည်နေ့ အထိမ်းအမှတ် အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ခင်းကျင်းပြသခဲ့သည်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# မြဝတီမြို့၌ သဘာဝဘေး အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး သရုပ်ပြလေ့ကျင့်

မြဝတီ ဇူလိုင် ၁၃

မြဝတီမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်၊ ထိခိုက်ပျက်စီးဆုံးရှုံးမှုလျော့နည်းစေရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ သဘာဝဘေးအရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး (လူ၊ပစ္စည်း၊ယန္တရား) စုဖွဲ့မှုဖြင့် သရုပ်ပြလေ့ကျင့်ခြင်းကို ဇူလိုင် ၁၂ ရက်က မြဝတီမြို့ အမှတ်(၁)ရပ်ကွက် ဘောလုံးကွင်းနှင့် သောင်ရင်းမြစ်ကမ်းဘေး၌ ဆောင်ရွက်သည်။

သရုပ်ပြလေ့ကျင့်ရာတွင် မြဝတီခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက အမှာစကားပြောကြားပြီးနောက် လေ့ကျင့်မှုအနေဖြင့် မြစ်ရေကြီးနိုင်မှု အခြေအနေသတိပေးချက်ကို သောင်ရင်းမြစ်အတွင်း လိုက်လံသတိပေးခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ ရေဘေးသင့်ပြည်သူများအား အရေးပေါ်ရှေးဦးသူနာပြုစုခြင်းနှင့် ဆေးရုံသို့ပို့ဆောင်ပေးခြင်း၊ ဒဏ်ရာရလူနာများအား ရှာဖွေကယ်ဆယ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ **ဇာဖြူဝင်း(မြဝတီ)**



*စာမျက်နှာ ၇ မှ*

ထိုင်ခုံလေးလုံးကို ခင်းကျင်းထားပြီး စားပွဲဝိုင်း၏ အနောက်ဘက်နံရံပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်များကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားဖော်ပြထားပါသည်။ ဗိုလ်ချုပ်အသက်ရှင်စဉ်ကာလ ဤအိမ်ကြီးတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအတွက် သမိုင်းဝင် အရေးကြီးသည့်အစည်းအဝေးများ ကျင်းပခဲ့ကြောင်း မြန်မာ့ရက်စဉ်သမိုင်းတွင် လေ့လာရပေသည်။

ကလေးများအိပ်ခန်း၊ စာကြည့်ခန်း၊ အထူးအစည်းအဝေးခန်းတို့တွင် သန့်စင်ခန်း၊ ရေချိုးခန်း တွဲလျက်ပါရှိပါသည်။ ချက်ပြုတ်ရန် မီးဖိုချောင်ကို အောက်ထပ်အိမ်မကြီး၏ မြောက်ဘက်တွင် ဆောက်လုပ်ထားပါသည်။

နေအိမ်၏ အနောက်ဘက်ပတ်လမ်းအတိုင်း ဆက်လျှောက်ပါက စိုက်ပျိုးရေးပြုလုပ်နေဟန် ဗိုလ်ချုပ်ရုပ်တုနှင့် သီးပင်စားပင်များ ဝေဆာနေသော ဗိုလ်ချုပ်စိုက်ခင်းကို တွေ့ရမည်ဖြစ်ပါသည်။ စိုက်ခင်းဘေးပတ်လမ်းအတိုင်း ကြည့်ပါက ဗိုလ်ချုပ်၏ ဒုတိယသား အောင်ဆန်းလင်း ရေနစ်ကွယ်လွန်ခဲ့သော ရေကန်ကို တွေ့ရသည်။ ၎င်းရေကန်ရှေ့တွင် "၁၉၅၃ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဒုတိယသား အောင်ဆန်းလင်း ရေနစ်၍ ကွယ်လွန်ခဲ့သည့်ရေကန်" ဟု ရှင်းလင်းဖော်ပြထားသည့် ဆိုင်းဘုတ်ကို တွေ့ရမည်ဖြစ်ပါသည်။

**ဗိုလ်ချုပ်အသုံးပြုသွားခဲ့သည့် မော်တော်ကား**

၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ် ဗိုလ်ချုပ်ကျဆုံးသည်အထိ အသုံးပြုသွားခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် Wolseley အမျိုးအစား မော်တော်ကားကို ကားဂိုဒေါင်အတွင်း မှန်ဖြင့်ကာရံပြသထားပါသည်။ Wolseley Motors Limited ကုမ္ပဏီကို ၁၉၀၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဇိမ်ခံကားထုတ်လုပ်ခြင်းဖြင့် ကားဈေးကွက်ကို လွှမ်းမိုးထားသော ကုမ္ပဏီတစ်ခုဖြစ်သည်။ မူလစီးနေသော ဂျစ်ကား အမှတ်(၆၆)အစား ပြောင်းလဲပေးအပ်ခြင်း ဖြစ်သည်။

**(၇၇) နှစ်မြောက် အာဇာနည်နေ့ အထူးပြပွဲခင်းကျင်းပြသရေး**

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ ယခုနှစ်တွင် (၇၇) နှစ်မြောက် ရှိခဲ့ပြီဖြစ်သည်။ ယခုနှစ် (၇၇) နှစ်မြောက် အာဇာနည်နေ့တွင် အများပြည်သူ လာရောက်လေ့လာနိုင်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)ကို ထိန်းသိမ်းဆောင်ရွက်မှုများ ပြုလုပ်ပြီးဖြစ်သလို အထူးပြပွဲခင်းကျင်းပြသရေး (Special Exhibition) ကိုလည်း နည်းလမ်းနှစ်သွယ်ဖြင့် ခင်းကျင်းပြသသွားမည် ဖြစ်ပါသည်။

(၁) ပုံမှန်ခင်းကျင်းပြသခြင်းပြကွက် (Traditional Exhibition)အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် အတက်လမ်းနှင့် အဆင်းလမ်းတွင် ယခင်နှစ်များကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်း၏ အသုံးအဆောင်များနှင့် လက်ရေးမူများအား စတစ်ကာဗီနိုင်းဘုတ်ပြားများဖြင့် ပြသမည့်ပြကွက်ကို ခင်းကျင်းပြသသွားမည် ဖြစ်ပါသည်။

(၂) အိုင်တီနည်းပညာဖြင့် ခင်းကျင်းမှု ပြကွက် (Digital Exhibition) အနေဖြင့်

(က) အိုင်တီနည်းပညာဖြင့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ် ဗိသုကာဒီဇိုင်းနှင့် မြေယာရှုခင်းများအား Animation Video Clip ပြကွက်၊

(ခ) 3D Holographic Fan ဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏မိန့်ခွန်းများပြကွက်၊

(ဂ) အိုင်တီနည်းပညာဖြင့် Offline Web Page ဖြင့် ပြသမည့်ပြကွက်တွင် ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်သို့ အများပြည်သူတို့ လာရောက်လေ့လာစဉ် သတိမမူမိသည့်(Hiding Objects) ပြသပစ္စည်းများကို ဓာတ်ပုံရိုက်ကူး ပြသထားသည့် ပြကွက်၊ အိုင်တီနည်းပညာဖြင့် ဗိုလ်ချုပ်အောင်ဆန်း နေအိမ် ဗိသုကာဒီဇိုင်းနှင့် မြေယာရှုခင်းများအား Virtual Tour ပြကွက်၊ အိုင်တီနည်းပညာဖြင့် နှစ်အလိုက် အထူးပြပွဲ ခင်းကျင်းပြသသည့် ဓာတ်ပုံမှတ်တမ်းများ ပြကွက်၊

(ဃ) အိုင်တီနည်းပညာဖြင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် ဗိုလ်ချုပ်အောင်ဆန်းဘဝအကြောင်း ဗဟုသုတရရှိစေရန် ဥာဏ်စမ်းမေးခွန်းလွှာဖြေဆို၍ ဆုလက်ဆောင်များပေးခြင်းအပါအဝင် စသည့် အိုင်တီနည်းပညာဖြင့် ခင်းကျင်းမှု ပြကွက်များကို ခင်းကျင်းပြသပါမည်။

အိုင်တီနည်းပညာဖြင့် ခင်းကျင်းမှုပြကွက် (Digital Exhibition) ဖန်တီးမှုအတွက် 55" Interactive Touch Screen ခြောက်လုံးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပံ့ပိုးကူညီထားပြီး အမျိုးသားပြတိုက်(ရန်ကုန်)မှ ဝန်ထမ်းများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (နေပြည်တော်)မှ ပံ့ပိုးကူညီမှုနှင့် Myanmar ICT solution Co.,ltd တို့ ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါသည်။

ယခုနှစ် (၇၇)နှစ်မြောက် အာဇာနည်နေ့ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်) အထူးပြပွဲခင်းကျင်းပြသခြင်း(Special Exhibition)သည် ယခင်နှစ်များနှင့်မတူ နည်းပညာအသုံးပြု ခင်းကျင်းပြသထားရာ ပြည်သူများ လာရောက်လေ့လာပြီးလျှင် ဗိုလ်ချုပ်အောင်ဆန်းဘဝဖြစ်စဉ်နှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၏ လေ့လာသိရှိဖွယ် ဗဟုသုတများကို သိရှိနိုင်ပြီး လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်များနှင့် တိုင်းပြည်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုစိတ် ဖြစ်ပေါ်လာပေမည် ဖြစ်ပေရာ (၇၇)နှစ်မြောက် အာဇာနည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)သို့ လာရောက်လေ့လာပါရန် ဖိတ်ခေါ်အပ်ပါသည်။


**ကိုးကား**

၁။ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ။ မြန်မာ့ရက်စဉ်သမိုင်း (အကြိုသမိုင်းကာလမှ ၁၉၄၅ အထိ) ပထမတွဲ

၂။ ကျော်ငြိမ်း၊ဦး၊ မြန်မာ့သမိုင်းအဖွဲ့။ မြန်မာ့ရက်စဉ်သမိုင်း (၁၉၄၅-၄၈) ဒုတိယတွဲ၊ အပိုင်း(၁)

၃။ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ။ (၂၀၂၀)၊ မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း

၄။ သီသီသောင်း၊ ဒေါ်၊ (၂၀၂၁၊ ၂၀၂၂)၊ဆောင်းပါးများ၊ ကြေးမုံသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ

၅။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၊ ပြတိုက်မှူးဘဝ လေ့လာချက်များ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ကျင်းပသည့် (၁၄) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲတက်ရောက်

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ကျင်းပမည့် (၁၄) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ တက်ရောက်ရန် မော်စကိုမြို့သို့ ရောက်ရှိစဉ် ဇူလိုင် ၇ ရက် ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်အတူ လေဆိပ်ဧည့်ခန်းမ၌ National University Of Science and Technology (MISiS) မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သံမဏိ ထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာများ လွှဲပြောင်းလက်ခံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။


ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မော်စကိုလေဆိပ်မှ ဆက်လက်ထွက်ခွာကြပြီး (၁၄) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ ကျင်းပမည့် ယီကာကျီရင်ဘတ်မြို့သို့ ရောက်ရှိရာ ဆဗဲ့လော့ဗ်ပြည်နယ်၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးနှင့် ဆက်သွယ်ဆောင်ရွက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စစ်လူဒ်မီလာဗော့ချ် (Mrs. Lyudmila Borg) က ကြိုဆိုနှုတ်ဆက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် ကုန်စည်ပြပွဲ "အင်နိုပရွန်-၂၀၂၄" (ပြပွဲပထမရက်)သို့ တက်ရောက်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ ဒေသအသီးသီးမှ ခင်းကျင်းပြသထားသည့် သံနှင့်သံမဏိတူးဖော်ရေးနှင့် ထုတ်လုပ်ရေးဆိုင်ရာ စက်ပစ္စည်းများ၊ သံနှင့်သံမဏိထွက်ကုန်များ၊ လေထုသန့်စင်ရေးပစ္စည်းများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါရှာဖွေရေး စမ်းသပ်ပစ္စည်းများအပြင် အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ဆေးဝါးကုမ္ပဏီများမှ လာရောက်ခင်းကျင်းပြသထားသည့် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာကိရိယာပစ္စည်းများကို လိုက်လံလေ့လာကြည့်ရှုကြသည်။ ထို့ပြင် အာရပ်စော်ဘွားများ ပြည်ထောင်စုမှ ဆေးဝါးကုမ္ပဏီများနှင့် အလားအလာရှိသည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဆဗဲ့လော့ဗ်ပြည်နယ် အုပ်ချုပ်ရေးမှူးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး မစ္စတာ အန်သွန် အလီဟာနော့ဗ် (Mr. Anton Alikhanov)နှင့် နိုင်ငံပေါင်း (၂၀) ကျော်မှ စက်မှုဝန်ကြီးများနှင့်အတူ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် (၁၄)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲနှင့်အတူ ကျင်းပသည့် ကမ္ဘာ့စီးပွားရေး၏ ကျောရိုးမဏ္ဍိုင်ဖြစ်သော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ကွန်ဖရင့်သို့ တက်ရောက်ပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး၊ ကာဂျစ်သမ္မတနိုင်ငံ စီးပွားရေးနှင့်ကုန်သွယ်ရေးဝန်ကြီး၊ ကာဇက်စတန်သမ္မတနိုင်ငံ စက်မှုနှင့် ဆောက်လုပ်ရေးဝန်ကြီး၊ တာဂျစ်ကစ်စတန်သမ္မတနိုင်ငံ စက်မှုနှင့်နည်းပညာသစ်များဆိုင်ရာ ဝန်ကြီး၊ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး၊ ဘီလာရုဇ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးတို့နှင့်အတူ မြန်မာနိုင်ငံနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံများအကြား အလားအလာရှိသည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံဘက်မှ ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ပြင်ဆင်ထားရှိမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် "အင်နိုပရွန်-၂၀၂၄" ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ညနေပိုင်းတွင် အဆိုပါ ပြပွဲအဆောက်အအုံရှိ အစည်းအဝေးခန်းမ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး မစ္စတာ အန်သွန် အလီဟာနော့ဗ် (Mr. Anton Alikhanov) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံကာ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား စက်မှုလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)အား အပြီးသတ်



တည်ဆောက်လည်ပတ်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ၏ ဆေးဝါးထုတ်လုပ်ရေးအတွက် လိုအပ်သည့် ကုန်ကြမ်းများကိုလည်း ရုရှားနိုင်ငံမှ တင်သွင်းလိုကြောင်း၊ စားသုံးဆီ၊ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်း၊ ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်းများတွင်လည်း နှစ်ဖက်အကျိုးဖြစ်ထွန်းမည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လိုပါကြောင်း ထည့်သွင်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၀ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ဆဗဲ့လော့ဗ်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံ၍ အဆင့်မြင့်ပညာရေးနယ်ပယ်၊ ဆေးဝါးထုတ်လုပ်ရေးနယ်ပယ်၊ တစ်ဦးချင်း အရည်အသွေးမြင့်သင်တန်းများ၊ စက်မှုနှင့်ကုန်ထုတ်လုပ်ရေးနယ်ပယ်နှင့် ယဉ်ကျေးမှုဆိုင်ရာနယ်ပယ်၊ အထည်ချုပ်လုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ ဆေးဝါးများ ပူးပေါင်းထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကျိုးဖြစ်ထွန်းမည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၁ ရက်တွင် (၁၄) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ ကျင်းပသည့် ယီကာကျီရင်ဘတ်မြို့မှ ပြန်လည်ထွက်ခွာကြပြီး ဒေသစံတော်ချိန် နံနက် ၉ နာရီ ၅၅ မိနစ်တွင် မော်စကိုမြို့သို့ ရောက်ရှိကြကာ လေဆိပ်ဧည့်ခန်းမဆောင်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် JSC "VO Tyazhpro-mexport" (TPE)တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်း အမြန်ဆုံးပြီးမြောက်အောင်မြင်နိုင်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မော်စကိုလေဆိပ်မှ ဆက်လက်ထွက်ခွာကြပြီး ရန်ကုန်မြို့သို့ ဇူလိုင် ၁၂ ရက် ညပိုင်းတွင် ပြန်လည်ရောက်ရှိရာ စက်မှုဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဒုတိယကုန်သွယ်ရေးကိုယ်စားလှယ်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ တက်ရောက်ရန်အတွက် ပြည်ထောင်စုဝန်ကြီးနှင့်အတူ လိုက်ပါခဲ့သည့် အဖွဲ့ဝင်နှစ်ဦးလည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် လာအိုနိုင်ငံ Laosat သို့ ရောက်ရှိလေ့လာ



**ရန်ကုန် ဇူလိုင် ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ Lao Asia Pacific Satellite Company Limited ၏ ဖိတ်ကြားမှုဖြင့် မြန်မာနိုင်ငံရှိ ရုပ်မြင်သံကြားကဏ္ဍနှင့် ဆက်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်နှင့် မြန်မာ-လာအို နှစ်နိုင်ငံအကြား နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးတို့အတွက် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့သို့ ရောက်ရှိစဉ် ဇူလိုင် ၁၂ ရက် နံနက်ပိုင်း၌ Laosat သို့ ရောက်ရှိရာ Laosat မှ CEO Mr Wu Fangjie နှင့်အဖွဲ့က လာအိုနိုင်ငံတွင် Laosat စတင်တည်ဆောက်ခဲ့မှုနှင့် ဆောင်ရွက်ပုံအဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းတင်ပြကြပြီး လာအိုနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပူးပေါင်း၍ Laoset ဂြိုဟ်တု လွှင့်တင်ခဲ့မှု ရုပ်မြင်သံကြား၊ ရေဒီယိုနှင့်ဒစ်ဂျစ်တယ် အစရှိသည်များ ထုတ်လွှင့်ဆောင်ရွက်သည့် နည်းစနစ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပညာရေးအပါအဝင် လူမှုအထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်နေမှုများကို အပြန်အလှန် ဆွေးနွေးကြသည်။ (ဓါတ်ပုံ)

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် လာအိုနိုင်ငံမှ ပြန်လည်ထွက်ခွာရာ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ကိုက လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


**ပြင်းထန်
ဝမ်းပျက်ဝမ်းလျှောရောဂါ
ကာကွယ်ရေး**

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကိုကာကွယ်ရန် ယင်နားစာ အမှိုက်များကို စနစ်တကျစွန့်ပစ်ပါ၊ ရောဂါလက္ခဏာများခံစားရပါက
အပါအဝင် မသန့်ရှင်းသောအစားအစာ စားသုံးခြင်းကို ရှောင်ကြဉ်ပါ၊ နီးစပ်ရာကျန်းမာရေးဌာနများနှင့် ပြည်သူ့ဆေးရုံများသို့ သွားရောက်
သောက်ရေသန့် (သို့မဟုတ်) ရေကိုကျိုချက်၍ သောက်ပါ၊ လက်သန့်စင် ပြသပါ။
ရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုပါ၊ ယင်လုံအိမ်သာသုံးစွဲပါ၊

**ကျန်းမာရေးဝန်ကြီးဌာန**

# ရွေးကောက်ပွဲမှတစ်ဆင့် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးမှုဆီသို့ . . .

**နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးငှာ နိုင်ငံကို ဒီမိုကရေစီစနစ်ဖြင့် သွားရမည်ဟု ဆိုသည်။ ထို့ကြောင့် နိုင်ငံသားတိုင်း လျှောက်လှမ်းနိုင်မည့် ဒီမိုကရေစီလမ်းကြောင်းနှင့် ကျင့်သုံးနိုင်မည့် ဒီမိုကရေစီကျင့်စဉ်ကို ပုံဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည်။**

မိုးမြင့်

ဒီမိုကရေစီဆိုသည်နှင့် ရွေးကောက်ပွဲကို ယှဉ်တွဲမြင်နေရမည်ဖြစ်၍ ရွေးကောက်ပွဲမရှိဘဲနှင့် ဒီမိုကရေစီစနစ်ကို ဘယ်လိုမျှ တည်ဆောက်၍ မဖြစ်နိုင်သည်ကိုလည်း သိနားလည်ရန် လိုပါသည်။ ရွေးကောက်ပွဲသည် ဒီမိုကရေစီနည်းလမ်းတစ်ခုဖြစ်သလို တွေ့ဆုံဆွေးနွေးအဖြေရှာသည့် နိုင်ငံရေးယဉ်ကျေးမှုတစ်ခုလည်းဖြစ်သည်။ လူတွေက ဒီမိုကရေစီကို ကြိုက်ကြသည်ဖြစ်၍ ဒီမိုကရေစီကို လိုချင်လျှင် ရွေးကောက်ပွဲကို မဖြစ်မနေပြုလုပ်ပေးရမည်သာဖြစ်သည်။

**ဥပဒေနှင့်အညီ နိုင်ငံရေးနည်းဖြင့်သာ**

မြန်မာနိုင်ငံသည်လည်း ထို့အတူ။

ဒီမိုကရေစီ အသွင်ကူးပြောင်းဆဲမှာပင် လှော်ရင်းနစ်ခဲ့ရသည့် ဒီမိုကရေစီစနစ်ကို အာဏာစတင်ထိန်းကတည်းက ပေးထားသည့်ကတိအတိုင်း ပြန်ပြီးအသက်သွင်းဖို့ ကြိုးစားဆောင်ရွက်နေသည်ကို ဘယ်လိုမှ ငြင်းချက်ထုတ်၍မရပါ။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပေးနိုင်ရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်အနက် ပထမအပိုဒ် ဦးဆုံးစာကြောင်းမှာပင် အတိအလင်းဖော်ပြပြီးဖြစ်သည်။

အထွေထွေရွေးကောက်ပွဲပြီးသည်နှင့် ထွက်ပေါ်လာသည့်အစိုးရအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို ပြန်လည်လွှဲအပ်သွားမည်ဖြစ်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို မဖျက်သိမ်းခဲ့သလို ပျက်ပြယ်အောင်လည်း ဘယ်တုန်းကမျှ မကြိုးစားခဲ့ပါ။ ၁၃၅ မျိုးသော တိုင်းရင်းသားလူမျိုးများအတွက်သွားမည့် နိုင်ငံရေးပန်းတိုင်က ဖက်ဒရယ်ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စု၊ ကျင့်သုံးမည့်စနစ်က မိမိနိုင်ငံသမိုင်းကြောင်းနှင့် အမျိုးသားအကျိုးစီးပွား၊ ပထဝီဝင်၊ တိုင်းရင်းသားလူမျိုး၊ ယဉ်ကျေးမှု၊ ဓလေ့စရိုက်နှင့် လိုက်ဖက်မည့် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သည်။

**နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်သာ ဖြေရှင်းရန် စွဲစွဲမြဲမြဲယုံကြည်သည့်အလျောက် နိုင်ငံတော်ဘက်က တစိုက်မတ်မတ် စွဲကိုင်လာခဲ့သော နိုင်ငံရေးလမ်းစဉ်ဆိုင်ရာ Political resolution** လည်းဖြစ်သည်။ သဘောထားကွဲလွဲမှုများကို အကြမ်းဖက်နည်းလမ်းဖြင့် မဖြေရှင်းဘဲ နိုင်ငံရေးနည်းလမ်းကိုသာ ရွေးချယ်ခြင်းသည် တပ်မတော်၏ ရှေးဦးမူလကတည်းက ထားရှိသော Political Agenda ဖြစ်သည်။ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြေခံမူအဖြစ် ခိုင်ခိုင်မာမာပြဋ္ဌာန်းထားသလို ပါတီစုံစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ရန် လိုအပ်သည့်ဥပဒေများကိုလည်း ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသည်။

**ပါတီများလည်းခိုင်မာစေရန် ပြည်သူလည်း လက်ခံလာစေရန်**

လက်ရှိ နိုင်ငံတော်တာဝန်ယူထားသော တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင်သာ ဆက်လက်လျှောက်လှမ်းနေကြောင်း ပြသနေသည်ကို တွေ့ရသည်။ ရွေးကောက်ပွဲကို အချိုးကျကိုယ်စားပြုစနစ် PR ဖြင့် သွားဖို့လည်း ဆုံးဖြတ်ပြီးဖြစ်သည်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် နိုင်ငံရေးပါတီများနှင့် နှစ်ကြိမ်တွေ့ဆုံခဲ့သည်။ နိုင်ငံရေးပါတီများ လုပ်ငန်းလုပ်ဆောင်ရာတွင် ပိုမိုအဆင်ပြေနိုင်ရန် လုပ်နိုင်ကိုင်နိုင်သည့် အခြေအနေတွင်ရှိနေရန် နိုင်ငံတော်မှ တတ်နိုင်သမျှ ဖြည့်ဆည်းပေးသည့်အနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်ပေးခဲ့သည်။

ကြားဖြတ်ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး လိုအပ်သည့် ဥပဒေပြင်ဆင်မှုများကိုလည်း ထုတ်ပြန်ပေးခဲ့သည်။ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာသည်ထက်ခိုင်မာအောင် တစ်နိုင်ငံလုံးအတိုင်းအတာအလိုက်၊ ဒေသအလိုက်၊ တိုင်းရင်းသားလူမျိုးများအလိုက် ကိုယ်စားပြုနေသောပါတီများအား မယိမ်းယိုင်၊ မပျက်စီး၊ မယိုယွင်းစေဘဲ ခိုင်မာသည်ထက် ခိုင်မာအောင် ဆောင်ရွက်ပေးနေခြင်းလည်း ဖြစ်သည်။

နိုင်ငံတော်ဘက်က လက်နက်ကိုင်လမ်းစဉ်ကို မယုံကြည်၍ ဥပဒေအရသွားနေသည်ကို မြင်အောင်ကြည့်ရန် လိုပြီး မိမိတို့လိုလားချက်များကိုလည်း လက်နက်မကိုင်ဘဲ ဥပဒေအရသာ တောင်းဆိုစေလိုသည်။ တစ်နည်းအားဖြင့် ရွေးကောက်ပွဲများမှတစ်ဆင့် လွှတ်တော်လမ်းကြောင်းသည်သာ နိုင်ငံအတွက် အသင့်တော်ဆုံးဖြစ်သည်ဟုဆိုခြင်း ဖြစ်ပါသည်။ တစ်ဖက်က ပြည်သူများ၏ မျှော်လင့်ချက်နှင့် အခက်အခဲများကိုလည်း ပြည်သူက ရွေးချယ်သော ပါတီ ရွေးချယ်လိုက်သော ကိုယ်စားလှယ်များကသာ ဖြည့်ဆည်းပေးနိုင်မည်ဟု ယူဆသည်။

ထိရောက်သော ပြုပြင်ပြောင်းလဲမှုများကို လွှတ်တော်လမ်းကြောင်းက ပို၍ဖန်တီးပေးနိုင်မည်ဟု ယုံကြည်သည့်အတွက်လည်း ဤမျှ အားထည့်နေခြင်းဖြစ်သည်။ သို့မှသာ ပြည်သူကလည်း ရွေးကောက်ပွဲကို လက်ခံလာမည်၊ နိုင်ငံရေးနည်းလမ်းအပေါ် ယုံကြည်မှုရှိလာမည်ဟု ယူဆပါသည်။

**ဒီမိုကရေစီကတိကဝတ်**

နိုင်ငံရေးပါတီများနှင့် ပတ်သက်သည့် ဆောင်ရွက်ပေးချက်များ၊ ပါတီစုံဒီမိုကရေစီနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များသည် ဒီမိုကရေစီအပေါ် ထားရှိသော တပ်မတော်၏ ယုံကြည်ချက်နှင့် ခံယူချက်များဖြစ်ပြီး ပြည်သူအပေါ်ထားရှိသော ကတိကဝတ်နှင့် တာဝန်ယူ၊ တာဝန်ခံမှုများလည်း ဖြစ်သည်။ သို့သော် အရေးကြီးသော အချက်တစ်ခုမှာ တရားဥပဒေစိုးမိုးရေးနှင့်အတူ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်ချက်ဖြစ်နေသည်။

နိုင်ငံတော်တာဝန်ကိုရယူပြီး စတင်ထိန်းသိမ်းစဉ်ကတည်းကပင် အနည်းဆုံးသောအင်အားနှင့် အနိမ့်ဆုံးအဆင့်ဆိုသော စကားရပ်ကို အထူးသတိပြုစေလိုပါသည်။ တပ်မတော်က ငြိမ်းချမ်းရေးကို ရှေ့တန်းတင်ထားပြီး အကြမ်းမဖက်သောမှုကို စွဲကိုင်ထားခြင်းကြောင့်သာ သည်းခံခြင်းအပြည့်ဖြင့် ဤအင်အား ဤအဆင့်ကိုသာ သုံးစွဲနေခြင်းဖြစ်သည်။ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ပြိုင်တည်းသွားလို၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များပြည့်မီရန် ဟန်ချက်ညီအောင် ကြိုးစားနေခြင်းဖြစ်သည်။

နိုင်ငံရေးပြဿနာတိုင်းတွင် ဖြစ်ပေါ်လာတတ်သော စစ်ရေးပဋိပက္ခများကို တပ်မတော်အနေဖြင့် အကြမ်းမဖက်သောနည်းလမ်းဖြင့်သာ ဖြေရှင်းလိုပြီး ပြည်သူတို့လိုချင်သော ဒီမိုကရေစီ၊ တိုင်းရင်းသားတို့ လိုချင်သော ဖက်ဒရယ်၊ ထိုလိုလားချက်များအတွက် ရွေးကောက်ပွဲကို မဖြစ်မနေလုပ်ပေးရန် ပြင်းပြသောဆန္ဒအမှန်သည် တပ်မတော်တွင် မူလကတည်းက ရှိပြီးဖြစ်ပါသည်။

**တပ်မတော်အတွက် ထွက်ပေါက်မဟုတ်ပါ**

ရွေးကောက်ပွဲ မလုပ်ပေးနိုင်မှာ၊ ရွေးကောက်ပွဲ မဖြစ်မှာ၊ တာဝန်ယူမှုအပေါ် တာဝန်မခံနိုင်မှာကို တပ်မတော်က အစိုးရိမ်ဆုံးဖြစ်သည်။ အကြောင်းမှာ နိုင်ငံတော်တာဝန် စတင်ယူစဉ်ကတည်းက တပ်မတော်၏ လမ်းပြမြေပုံမှာပါသည့် ကတိကဝတ်များကြောင့်ဖြစ်သည်။ သို့သော် တပ်မတော်၏ နိုင်ငံအရေးအတွက် ဆောင်ရွက်နေသော နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ရွေးကောက်ပွဲကို တပ်မတော်၏ ထွက်ပေါက်တစ်ခုအလား မှတ်ယူမမှားသင့်ပါ။ နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် နိုင်ငံရေးထွက်ပေါက်တစ်ခုအနေဖြင့်သာ မြင်သင့်ပြီး တပ်မတော်အတွက် ထွက်ပေါက်လည်းမဟုတ်သလို တပ်မတော်အတွက် နိုင်ငံရေးကို ဘယ်တော့မှလည်း အသုံးချမည်မဟုတ်ပါ။

နိုင်ငံတော်တာဝန်ကို ရယူမထိန်းသိမ်းမီကတည်းက နိုင်ငံရေးအရ၊ တရားမျှတမှုအရေးလိုလားတောင့်တခဲ့သည့် တပ်မတော်ကို ဘယ်သူက ထွက်ပေါက်ပိတ်အောင် လုပ်ခဲ့ကြသလဲ ပြန်လည်ဆန်းစစ်စေလိုပါသည်။ သို့ဖြစ်၍ ယခုအချိန်မှာ အရေးကြီးသည်က တည်ငြိမ်အေးချမ်းရေးနှင့် ရွေးကောက်ပွဲ၊ ဝိရောဓိဖြစ်လာသည့် ဦးတည်ချက်နှစ်ခုကို အထူးဂရုပြုကြရန် လိုပါသည်။ တစ်ဖက်က စွဲကိုင်ထားသည်က တည်ငြိမ်အေးချမ်းရေးကို ဦးတည်သည့် အကြမ်းမဖက်၊ အင်အားမသုံးသည့် လမ်းကြောင်း၊ တစ်ဖက်ကကျင့်သုံးသည့် လမ်းစဉ်က အကြမ်းဖက်၊ ဖျက်ဆီးရေးနှင့် ရွေးကောက်ပွဲမဖြစ်ရေးလမ်းစဉ်၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မည်မျှလိုလားသည်ဖြစ်စေ အားလုံး Stakeholders all inclusiveness ဖြစ်မှသာ ရည်မှန်းထားချက်များ ပြည့်ဝလာမည်ဖြစ်ပါသည်။

မတည်ငြိမ်မအေးချမ်းဘဲနှင့် ပါတီလှုပ်ရှားမှု ကိုယ်စားလှယ်များ၏ လုံခြုံရေးကို မည်သို့အာမခံချက်ရှိမည်နည်း။ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့်ပါတီများ၊ ကိုယ်စားလှယ်များ၊ ပါဝင်ထမ်းရွက်ကြမည့် ဝန်ထမ်းများအတွက် အကာအကွယ်မဲ့ အနေအထားကိုတော့ ရောက်ရှိစေမည် မဟုတ်ပါ။ ထို့အတွက် တပ်မတော်၏ ပေးထားချက်များအတိုင်း အတူပူးပေါင်းလက်တွဲ ပါဝင်ဆောင်ရွက်ကြရန်သာ အရေးကြီးဆုံးဖြစ်ပါသည်။ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးအတွက်ဆိုလျှင် တပ်မတော်အနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို တစ်ဆင့်ပြီး တစ်ဆင့် ဆက်လက်ဆောင်ရွက်သွားမည်သာ ဖြစ်သည်။ အဓိကအချက်က ရွေးကောက်ပွဲမှ တစ်ဆင့်သာ နိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုး တိုးတက်လာမည်ဟု ခံယူထား၍ ဖြစ်ပါသည်။

ထို့ကြောင့်လည်း လက်ရှိအခြေအနေများအရ နိုင်ငံတော်က ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲများကို မဖြစ်မနေကျင်းပပြုလုပ်ပေးသွားရန် ကတိကဝတ်သည် တိကျသေချာ၍ သံသယဖြစ်ရန်မလိုဟု ပြောနိုင်ပါသည်။ ရွေးကောက်ပွဲသည်သာ နိုင်ငံရေးနည်းလမ်းဖြစ်သည်ကို ပါတီများကလည်း လက်ခံပြီးဖြစ်သည်၊ ပြည်သူကလည်း လက်ခံလာပြီဖြစ်သည်။ ဘက်ပေါင်းစုံအကျပ်အတည်းများနှင့် လုံခြုံရေးအရ စိန်ခေါ်မှုများရှိနေသော်လည်း မြန်မာ့နိုင်ငံရေးအတိတ်သမိုင်းမှ ရွေးကောက်ပွဲအတွေ့အကြုံများအရ အခြေအနေပေးသည့်အနေအထား၊ ကာလ၊ ဒေသအပေါ်မူတည်၍ လုပ်နိုင်သမျှ လုပ်ဆောင်သွားမည့် အတိုင်းအတာရှိနေပါသည်။ အောက်တိုဘာလအတွင်း ပြုလုပ်တော့မည့် ပြည်လုံးကျွတ် လူဦးရေနှင့်သန်းခေါင်စာရင်း ကောက်ယူရေးမှ မဲစာရင်းများလည်း ထွက်ပေါ်လာတော့မည်ဖြစ်သည်။

ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ရှိမြဲရှိနေသည့် တပ်မတော်နည်းတူ နိုင်ငံရေးပါတီများသည်လည်း ထိုလမ်းကြောင်းပေါ်မှာသာ ရပ်တည်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ပါတီများအနေဖြင့် နိုင်ငံ့အရေးနှင့် ပါတီအရေး၊ နိုင်ငံ့အကျိုးနှင့် ပါတီအကျိုး ယှဉ်လာလျှင်သာ နိုင်ငံ့အရေး၊ နိုင်ငံ့အကျိုးကို ရှေ့တန်းကထားရန် လိုအပ်မည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲက ဆွေးနွေးထောက်ပြခဲ့သည့် အရေးကြီးသော ထိုအချက်သည် ပြည်သူတစ်ရပ်လုံး၏ ဖြစ်ချင်လိုသော ဆန္ဒကိုလည်း ထင်ဟပ်နေပါသည်။ အဓိကအချက်က နိုင်ငံရေးဦးဆောင်ပါတီများ မြန်မာ့နိုင်ငံရေးအခင်းအကျင်းမှာ အရည်အသွေးပြည့်မီ၍ အားကောင်းခိုင်မာနေရန်ပင်ဖြစ်သည်။ Institutions များ အားကောင်းမှသာ ယုံကြည်မှုများကို တိုး၍တည်ဆောက်လာနိုင်မည်ဖြစ်သည်။ တပ်မတော်နှင့် ပြည်သူများ၊ ပါတီများ၊ တိုင်းရင်းသားများ၊ နိုင်ငံ့အရေးအလေးထားသော အဖွဲ့အစည်းများနှင့် လက်နက်ကိုင်များအကြား တစ်ခုနှင့်တစ်ခု၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရွေးကောက်ပွဲများမှတစ်ဆင့် ယုံကြည်မှုများ ဖြစ်ပေါ်တိုးတက်လာမည်ဟုလည်း မျှော်လင့်ထားပါသည်။

သို့မှသာ ပြည်သူလူထုကြီးက နိုင်ငံရေးပါတီများ၏ သဘောထားနှင့် တပ်မတော်၏ တာဝန်ယူ တာဝန်ခံမှုများအပေါ် အလေးအနက်ထားယုံကြည်မှုနှင့်အတူ အတူလက်တွဲ ပူးပေါင်းပါဝင်လာကြမည်ဖြစ်သည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ ။

**❂ မတည်ငြိမ်မအေးချမ်းဘဲနှင့် ပါတီလှုပ်ရှားမှု ကိုယ်စားလှယ်များ၏ လုံခြုံရေးကို မည်သို့အာမခံချက်ရှိမည်နည်း။ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့်ပါတီများ၊ ကိုယ်စားလှယ်များ၊ ပါဝင်ထမ်းရွက်ကြမည့် ဝန်ထမ်းများအတွက် အကာအကွယ်မဲ့ အနေအထားကိုတော့ ရောက်ရှိစေမည်မဟုတ်ပါ။ ထို့အတွက် တပ်မတော်၏ ပေးထားချက်များအတိုင်း အတူပူးပေါင်းလက်တွဲပါဝင်ဆောင်ရွက်ကြရန်သာ အရေးကြီးဆုံးဖြစ်ပါသည်။ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးအတွက်ဆိုလျှင် တပ်မတော်အနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်သွားမည်သာဖြစ်သည်။ အဓိကအချက်က ရွေးကောက်ပွဲမှတစ်ဆင့်သာ နိုင်ငံတော်ကြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်လာမည်ဟု ခံယူထား၍ဖြစ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ငါးမျိုးစိတ်ထည့်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၃**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ငါးမျိုးစိတ်ထည့်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပရဝဏ်၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ငါးလုပ်ငန်းဦးစီးဌာနက ပံ့ပိုးသည့် ငါးသားပေါက်များကို ဝန်ကြီးဌာနရှိတစ်ဖက်ပိတ်ဆည်အတွင်းသို့ ဦးစွာ စိုက်ထည့်ပေးကြပြီး **(အပေါ်ယာပုံ)** အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများက ငါးမျိုးများကို ဆက်လက်စိုက်ထည့်ပေးကြသည်။

ယနေ့ကျင်းပသည့် ငါးမျိုးစိတ်ထည့်ပွဲတွင် ငါးသားပေါက်ကောင်ရေ စုစုပေါင်း ၁၂၀၀၀ စိုက်ထည့်ခဲ့ကြသည်။ အဆိုပါ တစ်ဖက်ပိတ်ဆည်အတွင်းသို့ ၂၀၂၂ ခုနှစ်တွင် ငါးသားပေါက်ကောင်ရေ ၇၀၀၀ နှင့် ၂၀၂၃ ခုနှစ်တွင် ငါးသားပေါက်ကောင်ရေ ၇၀၀၀ စိုက်ထည့်ထားခဲ့ရာ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂၆၀၀၀ ရှိပြီဖြစ်သည်။ ငါးသယံဇာတများ တိုးပွားလာစေရေး၊ ငါးမျိုးပြုန်းတီးမှု မဖြစ်ပေါ်စေရေး၊ သဘာဝရေပြင်နှင့်ကန်များတွင် ငါးမျိုးများ ရေရှည်စဉ်ဆက်မပြတ် တည်တံ့ခိုင်မြဲပြီး ငါးသယံဇာတ ပေါကြွယ်ဝစေရေး၊ နိုင်ငံတော်၏ ငါးထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရန် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်ရေးနှင့် သက်ရှိလူသားများနှင့် သဘာဝပတ်ဝန်းကျင်တို့အကြား အချိုးညီစွာ တည်ရှိနေသော ဂေဟစနစ် ရေရှည်တည်တံ့နိုင်စေရေး ရည်ရွယ်၍ အဆိုပါ ငါးမျိုးစိတ်ထည့်ပွဲအခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မွန်ပြည်နယ်ဝန်ကြီးချုပ် ကျောင်းအကျိုးပြုစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု သွားရောက်ကြည့်ရှုစစ်ဆေး



**မော်လမြိုင် ဇူလိုင် ၁၃**

မွန်ပြည်နယ်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော အခြေခံပညာ စာသင်ကျောင်းများကို ဖော်ဆောင်ပြီး ကျောင်းသူကျောင်းသားများ စိတ်အေးချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် မြို့နယ်အသီးသီးရှိစာသင်ကျောင်းများ၌ ကျောင်းအကျိုးပြုစုပေါင်းသန့်ရှင်းရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ဝဲပုံ)**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းဝင်းအတွင်း၊ ဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်များ၊ မြက်များနှင့် အမှိုက်များကို ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက စာသင်ကျောင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ကျောင်းအကျိုးပြုစုပေါင်းသန့်ရှင်းရေး ဝိုင်းဝန်းဆောင်ရွက်နေမှု၊ စာသင်ကျောင်းများအတွင်း ခြင်မှတစ်ဆင့်ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်တားဆီးရေးအတွက် တပ်မတော်သားများနှင့်အတူ တာဝန်ရှိသူများ ပူးပေါင်း၍ ခြင်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျောင်းတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး စာသင်ကျောင်းအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**

# ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ပုသိမ်အကျဉ်းထောင်အားကြည့်ရှုစစ်ဆေး

**ပုသိမ် ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်သည် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်ထွေးထွေး၊ ပုသိမ်ခရိုင်တရားသူကြီး ဒေါ်လှိုင်လှိုင်ဝေတို့နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ပုသိမ်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခဲ့ရာ အကျဉ်းထောင် တာဝန်ခံအရာရှိက အကျဉ်းထောင်အတွင်း အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများသည် အကျဉ်းထောင်အတွင်း အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ နေထိုင်သည့် အဆောင်များ၊ စားဖိုဆောင်နှင့် ဆေးပေးခန်းတို့ကို လှည့်လည်ကြည့်ရှု၍ ၎င်းတို့၏ ဥပဒေပါ အခွင့်အရေးများ ရရှိခြင်း ရှိ /မရှိ၊ နေရာထိုင်ခင်းအဆင်ပြေမှု ရှိ/မရှိ၊ စားသောက်ရာတွင် အာဟာရသင့်တင့်မျှတမှု ရှိ/မရှိနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရ/မရ အခြေအနေများကို ကြည့်ရှုစစ်ဆေးမေးမြန်းပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အကျဉ်းထောင် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# တပ်ကုန်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ



**တပ်ကုန်း ဇူလိုင် ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ဇူလိုင် ၁၂ ရက်က အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ပြည်သာနိုင်ဓမ္မာရုံ၌ ကျင်းပသည်။ **(ဝဲပုံ)**

အဆိုပါ စကားဝိုင်းတွင် ကျောင်းအုပ်ဆရာကြီး ဦးမျိုးမင်းက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မလွင်လွင်မိုး(Grade-11)၊ မောင်ရှိန်ခန့်လင်း (Grade-9)၊ မခဂျူးဇံသော်(Grade-9)၊ မောင်ခန့်ညီထွေး(Grade-9)တို့က လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်အောင်မြင်မှုခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။

ထို့နောက် ဦးဆောင်ဆွေးနွေးကြသည့် ကျောင်းသား ကျောင်းသူများကို ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ (တာဝန်ခံ)ကျောင်းအုပ်ဆရာကြီး ဦးမျိုးမင်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ **တင်စိုးလွင်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၃**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ယိုယွင်းပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် ကယားပြည်နယ် လွိုင်ကော်မြို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၃**

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် ကယားပြည်နယ် အတွင်း အစိုးရ၏အုပ်ချုပ်မှု ယန္တရားပျက်ပြားစေရန် ရည်ရွယ်၍ ပြည်နယ်၏ မြို့တော်ဖြစ်သည့် ပြည်နယ် အစိုးရရုံးစိုက်ရာ လွိုင်ကော်မြို့နှင့် အနီးဝန်းကျင် တစ်ဝိုက်၌ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ မှစတင်ကာ လူနေအဆောက်အဦ များနှင့် ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အဆောက်အဦ များကို အကာအကွယ်ရယူ၍ အဖျက်အမှောင့် လုပ်ရပ်မျိုးစုံကို လုပ်ဆောင်ခဲ့သည်။ ထို့ပြင် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်သည့် (၇၁) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်မုခ်ဦး ဖွင့်ပွဲအခမ်းအနားကို ဒေသခံ တိုင်းရင်းသားပြည်သူများ ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနေစဉ် အတွင်း၌လည်း အများပြည်သူများ အစုလိုက်၊ အပြုံလိုက် သေကျေဒဏ်ရာရရှိ စေလိုသော ယုတ်မာရက်စက် သည့် ရည်ရွယ်ချက်ဖြင့် လက်နက် ကြီးများဖြင့် အဝေးမှ ပစ်ခတ် တိုက်ခိုက်ခဲ့သောကြောင့် ဒေသခံ ပြည်သူအချို့ ထိခိုက်သေဆုံးခဲ့ရ သည်။

အလားတူ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်နေ့၌ KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက် သမားများသည် စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် လွိုင်ကော် တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ် ချက်ရှိရှိ လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့ပြီး တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပညာရေးဆိုင်ရာ ဝန်ထမ်းအချို့ နှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူအချို့တို့ အား အတင်းအဓမ္မဖမ်းဆီးခေါ် ဆောင်ခဲ့ကြသကဲ့သို့ ကယားပြည် နယ် လွိုင်ကော်ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေ ရန် ရည်ရွယ်၍ မိုးဗြဲ၊ ဖယ်ခုံ၊ လွိုင်ကော်၊ ဒီမောဆိုမြို့နယ် အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ ၏ တပ်၊ စခန်းများအား ဇန်နဝါရီ ၂၆ ရက်တွင် အင်အားအလုံးအရင်း ဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး မြို့နှင့် အနီးပတ်ဝန်းကျင်အတွင်း ဒေသခံပြည်သူများအား ဖမ်းဆီး သတ်ဖြတ်ခြင်း၊ လူနေအိမ်များ၊ ဈေးများနှင့် အစိုးရအုပ်ချုပ်မှု ယန္တရားများ ရပ်တန့်စေရန် ဌာန ဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင် ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လူနေအိမ် အဆောက်အဦများ၊ ဌာနဆိုင်ရာအဆောက်အဦများနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အဦများအား အကာ အကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက် ခြင်း စသည့်အကြမ်းဖက်လုပ်ရပ် များကို လုပ်ဆောင်ခဲ့ကြသည်။

အဆိုပါ အကြမ်းဖက်သမား များ ထိန်းချုပ်ထားသည့် ဒေသ များအား လုံခြုံရေးတပ်ဖွဲ့ဝင် များက အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter – Terrorism Operation) ကို ဇန်နဝါရီ ၂၉ ရက်မှစ၍ အဆင့်ဆင့်ခြေကုပ် ယူ၍ဆောင်ရွက်ခဲ့ရာ ဆီဆိုင်–လွိုင်ကော်လမ်းကြောင်း (၄၂) မိုင်အား မေ ၂၉ ရက်တွင် ပြန်လည် တိုက်ခိုက် ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက် သမားများနှင့် ထိတွေ့တိုက်ပွဲများ (၈၇) ကြိမ် ဖြစ်ပွားခဲ့သည်။ ၎င်းမှ လွိုင်ကော် မြို့ လုံခြုံရေးနှင့် လေယာဉ်ကွင်း အား အဓိကနှောင့်ယှက်မှုပြုလုပ် ခဲ့ရာ စက်မှုဇုန်နယ်မြေနှင့် နာနတ် တောရပ်ကွက်တို့အား ဇွန် ၁၄ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ က လိုအပ်သည့်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နိုင်ခဲ့ပြီး ထိုသို့ ဆောင်ရွက်ပြီးချိန်တွင် အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့ရ သည့် မြို့၊ ရွာများအတွင်း အပျက် အစီးများအား ပြန်လည်ထူထောင် ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း နှင့် ဒေသခံပြည်သူများ အန္တရာယ် ကင်းရှင်းစေရန်အတွက် မိုင်းရှင်း လင်းရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက် ရှိကြောင်းကို ဇွန် ၁၅ ရက်တွင် သတင်းထုတ်ပြန် ခဲ့ပြီးဖြစ်သည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် လွိုင်ကော်မြို့အတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက် ရန်ကျန်ရှိသည့် နေရာများအား ဇွန် ၁၆ ရက်မှစ၍ ဆက်လက် ဆောင်ရွက်ခဲ့ရာ နာနတ်တော ရပ်ကွက်၊ နောင်ယား (က) ရပ်ကွက်၊ တေးငှားလျား ရပ်ကွက်၊ နောင်ယား(ခ)ရပ်ကွက်၊ တောင်ကွဲ စေတီ၊ စိန့်မာတင်ဘုရားကျောင်း၊ ယဉ်ကျေးမှုပြတိုက်၊ စက်မှုလက်မှု သိပ္ပံကျောင်း၊ ပြည်နယ်အစိုးရ ရိပ်သာ၊ ပြည်နယ်အဆင့် ဝန်ကြီး ဌာနရုံးများနှင့် အရေးကြီး အဆောက်အဦများ၊ လွိုင်ကော် လေဆိပ် အပါအဝင် ဇူလိုင် ၁၁ ရက်တွင် လွိုင်ကော်တက္ကသိုလ် တစ်ခုလုံးကိုလည်း ရှင်းလင်းရေး

*စာမျက်နှာ ၁၃ သို့*



လွိုင်ကော်လေယာဉ်ကွင်းတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ဆောင်ရွက်စဉ်။



KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများက လွိုင်ကော်တက္ကသိုလ်ပေါ်မှ အကာအကွယ်ရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့်နေရာအား တွေ့ရစဉ်။


KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် လွိုင်ကော်တက္ကသိုလ် ပျက်စီးမှု။


KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် လွိုင်ကော်မြို့ရှိ ဒေသခံပြည်သူများ၏ နေအိမ်များ ပျက်စီးမှု။


KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများက ပြည်နယ်အစိုးရရိပ်သာပေါ်မှ အကာအကွယ်ရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့်နေရာအား တွေ့ရစဉ်။


KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် လွိုင်ကော်မြို့ရှိ ဒေသခံပြည်သူများ၏ နေအိမ်များ ပျက်စီးမှု။


KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများက ယဉ်ကျေးမှုပြတိုက်အတွင်းမှ အကာအကွယ်ရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့်နေရာအား တွေ့ရစဉ်။


KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် လွိုင်ကော်မြို့ နှစ်ထပ်ဈေးပျက်စီးမှု။

*စာမျက်နှာ ၁၂ မှ*

ဆောင်ရွက်နိုင်ခဲ့ကာ လွိုင်ကော်မြို့အတွင်းရှိ စာသင်ကျောင်းများ အနက် အချို့သောကျောင်းများကို ပြန်လည် ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်းနှင့် တက္ကသိုလ်များ၊ စာသင်ကျောင်းများ အားလုံး ပြန်လည် ဖွင့်လှစ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် အစိုးရနှင့် တပ်မတော်အနေဖြင့် ဒေသတည်ငြိမ် အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိစဉ် မြို့ရွာများအား ထိခိုက်ပျက်စီးစေလိုသည့် အကြမ်းဖက်သမားများအနေဖြင့် ဇူလိုင် ၄ ရက်ကလည်း လွိုင်ကော်မြို့အတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လောဝမ္မရပ်ကွက်၊ နမ့်ဘော်ဝမ် (က) ရပ်ကွက်၊ ရွာတန်းရှည်ရပ်ကွက်၊ ကျောက်တောင် ရပ်ကွက်များအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး ဒေသခံပြည်သူတစ်ဦး သေဆုံးခဲ့ရကာ ကလေးငယ် ၄ ဦးအပါအဝင် စုစုပေါင်း ဒေသခံပြည်သူ ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ရပြီး ထိခိုက်ဒဏ်ရာရရှိသူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများက လွိုင်ကော်မြို့နှင့် အနီး ပတ်ဝန်းကျင်အတွင်း နယ်မြေ လုံခြုံရေး ဆောင်ရွက်ပြီးသည့် အချိန်၌ ဒေသခံပြည်သူများ အပါအဝင် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ပေးခြင်း တို့ကို အင်တိုက်အားတိုက် ဝိုင်းဝန်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်တို့က တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှု အားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ပြည်နယ်အစိုးရဧည့်ရိပ်သာတွင် သန့်ရှင်းရေးပြုလုပ်နေမှုကို တွေ့ရစဉ်။



KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများက ယဉ်ကျေးမှုပြတိုက်အတွင်းမှ အကာအကွယ်ရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့်နေရာအား တွေ့ရစဉ်။



KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပြည်နယ်ရဲတပ်ဖွဲ့ရုံးရှိ မော်တော်ယာဉ်များ ပျက်စီးမှု။



KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ယဉ်ကျေးမှုပြတိုက် ပျက်စီးမှု။

ယခုအခါ ကယားပြည်နယ် လွိုင်ကော်ဒေသသည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ ကြိုးပမ်း ဆောင်ရွက်မှုများကြောင့် ပုံမှန်အခြေအနေအတိုင်း ပြန်လည် တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသား ပြည်သူများ အဆက်မပြတ် ပြန်လည်ဝင်ရောက် နေထိုင်လျက်ရှိပြီဖြစ်ကြောင်းနှင့် လိုအပ်သည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန် များပြားစွာရွာသွန်းမှုကြောင့် လျှပ်တပြက်ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် ရေဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ(၁၄၄) ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၂၇၉)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှု များပြားလှသည့် ဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ၊

( ခ ) မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊

( ဂ ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိပါ၊

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ၊

( င ) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊

( စ ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်းအစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်း သတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်ကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ၊

( ခ ) တောင်ပေါ်ဒေသများ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်းသတိပြုကြပါ၊

( ဂ ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ၊

(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ၊

( င ) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊

( ခ ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊

( ဂ ) သောက်သုံးရေသန့်(သို့) ကျိုချက်ထားသော ရေ(သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ၊

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ မရှိ စစ်ဆေးပါ၊

( င ) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်၊

( စ ) ရေကြီးသော ဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများ အနီးသို့ မသွားပါနှင့်၊

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊

( ဇ ) ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

( ခ ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

( ဂ ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

( င ) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

( စ ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလ သတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

( ဇ ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

( ဈ ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**



အီသီယိုပီးယားနိုင်ငံ၏ မြို့တော် အဒစ္စအဘာဘာရှိ ကော်ဖီလုပ်ငန်းခွင်တစ်ခုကို ယခုနှစ် ဇွန်လအတွင်းက တွေ့ရစဉ်။

# ကော်ဖီတင်ပို့မှုကနေ ဝင်ငွေကောင်းရရှိနေတဲ့ အီသီယိုပီးယားနိုင်ငံ

■ လင်းလက်ကြယ်

ကမ္ဘာပေါ်မှာ ရေပြီးရင် သောက်သုံးမှု အများဆုံးက ကော်ဖီဖြစ်ပါတယ်။ ကော်ဖီကို မနက်ပိုင်းသောက်တာက တစ်နေ့တာ စတင်မယ့် အားအင်တွေကို တိုးပွားစေတယ်လို့ ဆိုစမှတ်ရှိပြီး နေ့လယ်ပိုင်း သောက်တာက အစာခြေစနစ်ကို ကူညီပေးကာ အစာအဆိပ်တက် ငိုက်မျဉ်းတာကနေ ကာကွယ်ပေးတယ်လို့ ဆိုပါတယ်။ နောက်ပြီး ညနေပိုင်း သောက်တာက လန်းဆန်းစေတယ်လို့ဆိုတာကြောင့် တချို့ ကော်ဖီကြိုက်နှစ်သက်သူတွေဟာ တစ်နေ့ကို သုံးကြိမ်လောက် သောက်သုံးကြလေ့ရှိတယ်လို့ မှတ်တမ်းတွေအရ သိရပါတယ်။

**ကမ္ဘာ့ကော်ဖီတင်ပို့မှု ထိပ်ဆုံး ၁၀ နိုင်ငံ စာရင်းထဲမှာပါဝင်**

ဒါ့အပြင် ကမ္ဘာတစ်ဝန်းမှာ ကော်ဖီကို နေ့စဉ်သောက်သုံးတဲ့ ခွက်ရေပေါင်း ၂ ဒသမ ၂၅ ဘီလီယံ အထိရှိတယ်လို့ မှတ်တမ်းတွေမှာ ဖော်ပြထားပါတယ်။ ကမ္ဘာတစ်ဝန်းမှာ အဲဒီလို ကော်ဖီသောက်သုံးသူ အများအပြားရှိသလို ဘရာဇီး၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ကိုလံဘီယာ စသဖြင့် ကော်ဖီတင်ပို့ရောင်းချတဲ့ နိုင်ငံတွေလည်း အများအပြားရှိပါတယ်။ အဲဒီလို တင်ပို့ရောင်းချတဲ့ နိုင်ငံတွေအနက် အရှေ့အာဖရိက နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အီသီယိုပီးယားနိုင်ငံဟာ ကမ္ဘာ့ကော်ဖီတင်ပို့မှု ထိပ်ဆုံး ၁၀ နိုင်ငံ စာရင်းထဲမှာ ပါဝင်ပါတယ်။

**ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃ ဘီလီယံရှိ**

ခရီးသွားလုပ်ငန်း၊ သဘာဝဓာတ်ငွေ့ရေနံလုပ်ငန်း စတဲ့လုပ်ငန်းတွေကနေ နိုင်ငံရဲ့ ဂျီဒီပီကို တစ်ဖက်တစ်လမ်းကနေ ထောက်ပံ့ပေးလျက်ရှိသလို ကော်ဖီလုပ်ငန်းကလည်း နိုင်ငံတစ်နိုင်ငံရဲ့ ဂျီဒီပီကို တစ်ထောင့်တစ်နေရာကနေ ထောက်ပံ့ကူညီပေးလျက်ရှိပါတယ်။ ကော်ဖီတင်ပို့မှု အများဆုံးနိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်တဲ့ အီသီယိုပီးယားနိုင်ငံဟာ မကြာသေးမီက အဆုံးသတ်ခဲ့တဲ့ ဘဏ္ဍာနှစ်အတွင်းမှာ ကော်ဖီတင်ပို့မှုကနေ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃ ဘီလီယံရှိခဲ့တယ်လို့ အီသီယိုပီးယားအစိုးရက ပြောပါတယ်။

**ကော်ဖီတန်ချိန် ၂၉၈၅၀၀ တင်ပို့**

ဇူလိုင် ၇ ရက်မှာ အဆုံးသတ်ခဲ့တဲ့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်းမှာ ကော်ဖီတန်ချိန် ၂၉၈၅၀၀ တင်ပို့နိုင်ခဲ့တယ်လို့ အီသီယိုပီးယား ကော်ဖီနှင့်လက်ဖက်လုပ်ငန်း အာဏာပိုင်အဖွဲ့ (အီးစီတီအေ)က ပြောပါတယ်။ ဇွန်လတစ်လတည်းမှာပင် ကော်ဖီတန်ချိန် ၄၆၀၀၀ တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၁၈ သန်း ရရှိခဲ့တယ်လို့ အီးစီတီအေက ဆိုပါတယ်။

**၂၀ ရာခိုင်နှုန်း မြင့်တက်လာ**

အီသီယိုပီးယားနိုင်ငံအနေနဲ့ ပြီးခဲ့တဲ့ ဘဏ္ဍာနှစ်မှာ ကော်ဖီတန်ချိန် ၂၄၀၀၀၀ ခန့် တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ရရှိခဲ့ပါတယ်။ အီးစီတီအေက ထုတ်ပြန်တဲ့ အချက်အလက်အရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ တင်ပို့တဲ့ ကော်ဖီပမာဏဟာ ယခင်ဘဏ္ဍာနှစ်နဲ့နှိုင်းစာရင် ၂၀ ရာခိုင်နှုန်း မြင့်တက်လာတယ်လို့ သိရပါတယ်။

**တစ်ရက်ကို ကော်ဖီသုံးကြိမ်ခန့် သောက်သုံး**

အာရေဗီးကားကော်ဖီရဲ့ မူလအစလို့ သတ်မှတ်ခံထားရတဲ့ အီသီယိုပီးယားနိုင်ငံဟာ အာဖရိကဒေသရဲ့ အများဆုံး ကုန်စည်ထုတ်လုပ်မှုနဲ့ တင်ပို့ရောင်းချမှုတွေထဲက တစ်ခုဖြစ်ပါတယ်။ ကော်ဖီက အီသီယိုပီးယားနိုင်ငံရဲ့ ပို့ကုန်ဝင်ငွေရရှိတဲ့ ထိပ်တန်းရင်းမြစ်တစ်ခုလည်း ဖြစ်ပါတယ်။ အီသီယိုပီးယားမှာရှိတဲ့ ပျမ်းမျှလူတစ်ယောက်ဟာ တစ်ရက်ကို ကော်ဖီသုံးကြိမ်ခန့် သောက်သုံးကြတယ်လို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်သူ မူဘာရက် အာမက်က ပြောပါတယ်။

**“အီသီယိုပီးယားနိုင်ငံရဲ့ ကော်ဖီစိုက်ပျိုးတဲ့ ဒေသတွေမှာ အမျိုးအစားထောင်ချီရှိကြောင်းနဲ့ အမျိုးအစားတစ်ခုချင်းစီမှာ ထူးခြားတဲ့ အရည်အသွေးနဲ့ ကွဲပြားတဲ့ အရသာတွေရှိတယ်လို့ ဆိုပါတယ်။ အီသီယိုပီးယားနိုင်ငံမှာ ယာဂါချက်ဖီ၊ စီဒါမို၊ ဂူဂျီ၊ လင်မူ၊ နီခမ်းတီ၊ ဟာရာ အပါအဝင် အထူးကော်ဖီစိုက်ပျိုးဒေသ များစွာရှိပါတယ်။ အီသီယိုပီးယားနိုင်ငံဟာ အာဖရိကမှာ ကော်ဖီအများဆုံးစိုက်ပျိုးတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အရသာရှိတဲ့ အာရေဗီးကားကော်ဖီကို ကမ္ဘာသို့ တင်ပို့တဲ့ ပဥ္စမမြောက် အများဆုံးတင်ပို့တဲ့ နိုင်ငံလည်းဖြစ်”**

**အထူးကော်ဖီစိုက်ပျိုးဒေသ များစွာရှိ**

အီသီယိုပီးယားနိုင်ငံရဲ့ ကော်ဖီစိုက်ပျိုးတဲ့ ဒေသတွေမှာ အမျိုးအစားထောင်ချီရှိကြောင်းနဲ့ အမျိုးအစားတစ်ခုချင်းစီမှာ ထူးခြားတဲ့ အရည်အသွေးနဲ့ ကွဲပြားတဲ့အရသာတွေရှိတယ်လို့ ဆိုပါတယ်။ အီသီယိုပီးယားနိုင်ငံမှာ ယာဂါချက်ဖီ၊ စီဒါမို၊ ဂူဂျီ၊ လင်မူ၊ နီခမ်းတီ၊ ဟာရာအပါအဝင် အထူးကော်ဖီစိုက်ပျိုးဒေသ များစွာရှိပါတယ်။ အီသီယိုပီးယားနိုင်ငံဟာ အာဖရိကမှာ ကော်ဖီအများဆုံးစိုက်ပျိုးတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အရသာရှိတဲ့ အာရေဗီးကားကော်ဖီကို ကမ္ဘာသို့ တင်ပို့တဲ့ ပဥ္စမမြောက် အများဆုံးတင်ပို့တဲ့နိုင်ငံလည်း ဖြစ်ပါတယ်။

**ကော်ဖီကို မက်ထရစ်တန် ၂၀၀၀၀ အထိ တိုးမြှင့်တင်သွင်း**

တရုတ်ဈေးကွက်က အီသီယိုပီးယားရဲ့ ကော်ဖီအဓိကတင်ပို့တဲ့ ဈေးကွက်တွေအနက်တစ်ခုဖြစ်ပြီး မကြာသေးမီနှစ်တွေအတွင်း ရောင်းအား ၂၇ ရာခိုင်နှုန်း မြင့်တက်လာတယ်လို့ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်း တရုတ်နိုင်ငံသို့ နှစ်စဉ် ကော်ဖီ မက်ထရစ်တန် ၈၀၀၀ ကနေ ၁၀၀၀၀ အထိ တင်ပို့ခဲ့တယ်လို့ အီသီယိုပီးယား ကော်ဖီနဲ့လက်ဖက်လုပ်ငန်း အာဏာပိုင်အဖွဲ့ရဲ့ ညွှန်ကြားရေးမှူးချုပ် ဒီဘဲလာက ပြောပါတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်နှစ်အတွင်း တရုတ်နိုင်ငံက အီသီယိုပီးယားကော်ဖီကို မက်ထရစ်တန် ၂၀၀၀၀ အထိ တိုးမြှင့်တင်သွင်းလျက်ရှိပြီး ဒါဟာ အဌမမြောက် အများဆုံးတင်သွင်းသူ ဖြစ်လာခဲ့ပါတယ်။

ကိုးကား - ဆင်ဟွာ



အီသီယိုပီးယားနိုင်ငံ၏ မြို့တော် အဒစ္စအဘာဘာရှိ ကော်ဖီဆိုင်တစ်ဆိုင်တွင် ထုပ်ပိုးထားသော ကော်ဖီထုပ်များကို ယခုနှစ် ဇွန်လအတွင်းက တွေ့ရစဉ်။

# ဒုတိယဝန်ကြီး ဦးဝင်းဖေ နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အရာထမ်း/အမှုထမ်း ဝန်ထမ်းအိမ်ရာများသို့ ရောက်ရှိပြီး တိုက်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် တိုက်ပတ်လည်ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးသည် တိုက်တာဝန်ခံများ၊ နေထိုင်သူ ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ဝန်ထမ်းအိမ်ရာများကို နိုင်ငံတော်မှ အဆင့်အတန်းမြင့်မြင့် နေထိုင်နိုင်ရန် ရည်ရွယ်၍ ဆောက်လုပ်ပေးထားခြင်းဖြစ်ကြောင်း၊ အမှိုက်စွန့်ပစ်ခြင်းနှင့် သန့်ရှင်းရေးကို စနစ်တကျ ဆောင်ရွက်သွားရန်၊ ရေမြောင်းများ ပိတ်ဆို့မှုမရှိစေဘဲ ရေစီးရေလာ ကောင်းမွန်စေရေး ရှင်းလင်းဆောင်ရွက်ရန်၊ မိုးရာသီတွင်ဖြစ်တတ်သည့် ရောဂါများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ဆောင်ရွက်ထားရန်၊ တိုက်ခြံစည်းရိုးများ၊ ကားဂိုဒေါင်များ သပ်ရပ်စွာ ဆောင်ရွက်ထားရန်နှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ထုတ်ပြန်ထားသည့် နေထိုင်မှုစည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပဉ္ဇသိဒ္ဓိရပ်ကွက်၊ ဉာဏသိဒ္ဓိရပ်ကွက်နှင့် ဘောဂသိဒ္ဓိရပ်ကွက်တို့ရှိ အရာထမ်း/အမှုထမ်း ဝန်ထမ်းအိမ်ရာ/အဆောင်များ၌ တိုက်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု၊ အိမ်ရာဝန်းကျင် သစ်ပင်များ အလင်းဖွင့်ဆောင်ရွက်နေမှု၊ ခြံစည်းရိုးများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ တိုက်ပတ်လည် ရေစီးရေလာ ကောင်းမွန်စေရေး ရေမြောင်းများ တူးဖော်ခြင်းဆောင်ရွက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အိမ်ရာတွင် နေထိုင်ကြသည့် ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

○ *ကျောဖုံးမှ*

မတ်ကျန်း ကျေးရွာဘက်မှ မောင်းနှင်လာသည့် ယာဉ်အမှတ်၊ 2K-7178 VIGO (အနက်ရောင်) ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေခဲ့ရာ RCSS/SSA အဖွဲ့မှ စုမှူးအဆင့်ရှိ စိုင်းနွံမိန်း (၂၅)နှစ်၊ တပ်သားအဆင့်ရှိသူများဖြစ်သည့် စိုင်းဆု(ခ)ဆုဇေယျ (၃၁) နှစ်၊ စိုင်းကောင်(၂၆)နှစ်၊ ဘိုဘိုဟန် (၂၃)နှစ်နှင့် စိုင်းနွံလှိုင်း(၂၆)နှစ်တို့ ၅ ဦးအား KIA အဖွဲ့မှ ထုတ်လုပ်သည့် KA (၄၀ မမတွဲ) ၅ လက်၊ ၄၀ မမဆုံလည် (၆ လုံးတွဲ) ၅ လက်၊ ၄၀ မမ ၁ လုံးထိုး ၅ လက်၊ ၇.၆၂ ကျည် ၄၃၇၆၅ တောင့်၊ ၄၀ မမ ဗုံးသီးအလုံး ၄၅၀၊ KA ကျည်အိမ် ၁၅ ခု၊ လွယ်ကြိုး ၁၅ ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား ၅ ဦးနှင့်အတူ လက်နက်ငယ်မျိုးစုံ ၁၅ လက်၊ ကျည်မျိုးစုံ ၄၃၇၆၅ တောင့်၊ ဗုံးသီးမျိုးစုံ ၄၅၀၊ ကျည်အိမ်မျိုးစုံ ၁၅ ခု၊ လွယ်ကြိုး ၁၅ ချောင်းတို့အား သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ စိုင်းနွံမိန်းမှာ RCSS/SSA အဖွဲ့၊ တပ်မဟာ(၇၅၉) မှ စုမှူးအဆင့်ရှိသူဖြစ်ပြီး ကျန်တရားခံ ၄ ဦးမှာ တပ်သားအဆင့်ရှိသူများ ဖြစ်ကြောင်း၊ ဖမ်းဆီးရမိလက်နက်/ခဲယမ်းများအား ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် နားရိုင်း ကျေးရွာလမ်းခွဲ၌ PNLA အဖွဲ့ဝင် သထိုထံမှ လက်ခံရယူ၍ PNLA အဖွဲ့နှင့် ချိတ်ဆက်ထားသည့် ကယားပြည်နယ်အတွင်းရှိ KNPP၊ KNDF အဖွဲ့များထံသို့လည်းကောင်း၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်အစပ်၌ လှုပ်ရှားလျက်ရှိသည့် KNLA အဖွဲ့ထံသို့လည်းကောင်း ပို့ဆောင်ပေးရန်အတွက် သယ်ဆောင်လာစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဇူလိုင် ၁၂ ရက်တွင်နမ့်စန်မြို့နယ် နားရိုင်းကျေးရွာလမ်းခွဲ၌ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် တရားခံ ၅ ဦး၏ မှတ်တမ်းဓာတ်ပုံ



စိုင်းနွံမိန်း(၂၅)နှစ်



စိုင်းဆု(ခ)ဆုဇေယျ(၃၁)နှစ်



စိုင်းကောင်(၂၆)နှစ်



ဘိုဘိုဟန်(၂၃)နှစ်




စိုင်းနွံလှိုင်း(၂၆)နှစ်

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသည့် လက်နက်/ ခဲယမ်းများမှာ KIA လက်နက်ကိုင်အဖွဲ့မှ ထုတ်လုပ်သည့် လက်နက်/ခဲယမ်းများဖြစ်ကြောင်း စိစစ်တွေ့ရှိရပြီး KIA လက်နက်ကိုင် သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော PDF အမည်ခံအကြမ်းဖက်အဖွဲ့များထံသို့လည်းကောင်း၊ အခြားလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များထံသို့ လည်းကောင်း လက်နက်/ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများအား ထောက်ပံ့ကူညီခြင်း၊ ရောင်းချပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အကြမ်းဖက်အဖွဲ့များနှင့် လက်နက်ကိုင် သောင်းကျန်းသူများမှ အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် လမ်း၊ တံတား၊ အဆောက်အဦများအား ဖောက်ခွဲဖျက်ဆီးခြင်းများ ဆောင်ရွက်ရာတွင် အားပေးကူညီလျက်ရှိကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိ တရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုလုပ်ငန်း ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**



KA(၄၀ မမတွဲ) ၅ လက်



၄၀ မမ ဆုံလည်(၆လုံးတွဲ) ၅ လက်



၄၀ မမ ၁ လုံးထိုး ၅ လက်



၄၀ မမ ဗုံးသီး ၄၅၀ လုံး



၇.၆၂ ကျည် ၄၃၇၆၅ တောင့်



ကျည်ဆန်ထည့်သည့်ပုံး ၁၃ ပုံး



နမ့်စန်မြို့နယ် နားရိုင်းကျေးရွာလမ်းခွဲ၌ လက်နက်/ခဲယမ်းများ တင်ဆောင်လာသည့် SHN-48 2K-7178 VIGO အမျိုးအစား မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

---

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နားထောင်ခြင်းအနုပညာ

သဲဟန် (ဘန်ကောက်)

**"Everybody talks, nobody listens"**

ဒီအင်္ဂလိပ်စာစုလေးဟာ စာရေးသူတို့ အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက်တစ်စုအတွက် မရိုးနိုင်သော ပျက်လုံးတစ်ခုလို့ ဆိုရမှာပါ။ တချို့သော အစည်းအဝေးများမှာ နားထောင်ခြင်းအနုပညာကို ဘယ်လိုများစိမ့်ဝင်အောင် လုပ်ရပ့ါမလဲလို့လည်း တစ်ခါတလေ တွေးမိပါရဲ့။

**"လူတိုင်းစကားတွေ ပြောနေကြတယ်၊ ဘယ်သူမှ တစ်ယောက်စကားတစ်ယောက် နားမထောင်ကြပါလား"** လို့ အစည်းအဝေးတက်ရမှာ တစ်ခါတလေ တုံ့ဆိုင်းနေမိတယ်။ အစည်းအဝေးက အကြာကြီး၊ လိုရင်းမရောက်ဘူး။ တစ်ယောက်တစ်ပေါက်၊ ပြီးတော့လည်း အစည်းအဝေးခေါင်းစဉ် စီမံချက်အတွက် ဘာရလဒ်ကောင်းမှ မည်မည်ရရ ထွက်မလာဘူး။ ပါဝါကြီးတဲ့ လူကြီးတစ်ယောက်ယောက် သဘာပတိမလုပ်တဲ့ အစည်းအဝေးဆိုရင် တက်ကို၊ မတက်ချင်တော့တာပါ။

ဒါဟာ နားထောင်ခြင်းဓလေ့၊ နားထောင်ခြင်း အနုပညာ မရှိကြလို့ပါ။ နားထောင်ခြင်းဆိုရာမှာ လည်းပဲ လေးလေးနက်နက် နားထောင်တာနဲ့ ကြားနေသားပဲဆိုတာက တော်တော်လေး မတူညီ၊ ကွဲပြားခြားနားမှုတွေရှိနေပါတယ်။ လူတစ်ဦးချင်းစီရဲ့ နားထောင်နိုင်မှုစွမ်းရည်ကလည်း မတူညီနိုင်ပါဘူး။

### နားထောင်နိုင်မှု စွမ်းရည်ဆိုရာဝယ်

သာမန်အားဖြင့် လူတွေထင်တတ်ကြတာက သူပြောနေတဲ့အချိန်မှာ စကားဖြတ်မပြောဘဲ ငြိမ်နေလိုက်တာ၊ နားထောင်နေရင်း မျက်နှာအမူအရာနဲ့ ခေါင်းလေးညိတ်လိုက်၊ ဩော်ဟုတ်လား။ သူပြောနေတဲ့ စကားလုံးတချို့ကို အမေးပုံစံ မျက်နှာပေးမျိုးနဲ့ သံယောင်လိုက်ပြောလိုက်နဲ့ ဒါတွေဟာ နားထောင်နေတာပဲလို့ ထင်ကောင်း ထင်ကြပါလိမ့်မယ်။ ဩော်... မင်းပြောတာ ဒီလိုဆိုလိုချင်တာလို့ ငါနားလည်မိတယ် စသည် ... စသည် အားဖြင့် စကားထောက်မေးတာမျိုးတွေကို ကောင်းကောင်း နားထောင်ပေးနေတယ်လို့ ထင်တတ်ကြတယ်။

ဒါပေမယ့်လည်း သိပ်မကြာသေးမီက သုတေသန စာတမ်းတစ်ခုမှာတော့ ဒါတွေဟာ အလေးအနက်ထား နားထောင်နိုင်စွမ်းရည် မဟုတ်ပါဘူးလို့ ဖော်ပြထားပါတယ်။



မန်နေဂျာတွေကို ဘောလုံးနည်းပြ၊ အားကစားနည်းပြလိုမျိုး Team Coach တွေ ဖြစ်လာအောင် လေ့ကျင့်ပေးရေး ဒီဇိုင်းဖော်ထားတဲ့ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တစ်ခုမှာ ပါဝင်သူပေါင်း ၃၄၉၂ ဦးရဲ့ အမူအကျင့်တွေကို သုတေသနပြုလုပ်ထားတာ အတော်လေးစိတ်ဝင်စားစရာပါ။

ဒီအစီအစဉ်မှာ ပါဝင်ကြသူတွေရဲ့ လေ့ကျင့်ပေးနိုင်စွမ်းရည်ကို ၃၆၀ ဒီဂရီ လှည့်ပြီး သုံးသပ်ကြည့်ခဲ့ရာမှာတော့ အထိရောက်ဆုံး နားထောင်နိုင်စွမ်းရှိသူ ငါးရာခိုင်နှုန်းသာ တွေ့ရပါတယ်တဲ့။ ယေဘုယျ သာမန်နားထောင်နိုင်စွမ်းရှိသူတွေနဲ့ ယှဉ်ကြည့်ရာမှာတော့ အံ့ဩစရာကောင်းလောက်အောင် ထူးခြားတဲ့လက္ခဏာရပ်တွေ တွေ့ရတယ်လို့ ဆိုပါတယ်။

### ထူးခြားတဲ့လက္ခဏာရပ် အုပ်စုလေးစု

ဒီထူးခြားတဲ့ လက္ခဏာရပ်တွေကို အုပ်စုလေးစု ခွဲပြီး စူးစမ်းလေ့လာထားပါတယ်။

**အုပ်စုတစ်–** သူများစကားတွေ ပြောနေကြတဲ့အချိန်မှာ အလေးအနက်ထား နားထောင်ခြင်းဟာ တိတ်ဆိတ်ငြိမ်သက်နေခြင်းထက် ပိုကောင်းတာတွေ့ရပါတယ်။ ငြိမ်နေပြီး ခေါင်းညိတ်နေတာထက်စာရင် အခါအားလျော်စွာ မေးခွန်းကောင်းလေးတွေ ပြန်မေးနိုင်တဲ့သူဟာ ကြားသားပဲဆိုတဲ့ သူမျိုးမဟုတ်ဘဲ သူပြောတာတွေကို နားလည်တယ်၊ နောက်ထပ်သိချင်တာတွေ ရှိသေးတယ်လို့ဆိုနေသလို နှစ်လမ်းသွားအပြန်အလှန် တူညီသောနားလည်မှုကို ဆောင်ပါတယ်။ အကောင်းဆုံး နားထောင်ပေးခြင်းဟာ သွက်လက်နိုးကြား ထိရောက်မှုရှိတာ တွေ့ရပါတယ်။

**အုပ်စုနှစ်–** ကောင်းကောင်းနားထောင်ပေးနိုင်စွမ်းဟာ ပြောနေသူနဲ့ နားထောင်နေသူနှစ်ဦး နှစ်ဖက်အပြန်အလှန် အကျိုးပြုလေးစားမှုကို တည်ဆောက်နိုင်တာတွေ့ရပါတယ်။ ကောင်းကောင်းနားထောင်ပေးရင်း တစ်ဖက်က ပြောနေသူကို အားပေးပံ့ပိုးရာလည်းရောက်ပြီး ပြောနေသူလည်း ကိုယ်တိုင်ယုံကြည် စိတ်ချမှုရှိလာပါတယ်။ အပြုသဘော အတွေ့အကြုံတွေကို တစ်ဖက်ပါတီနဲ့ မျှဝေပြီး ဘေးကင်းလုံခြုံမှုရှိတဲ့ စကားဝိုင်းတစ်ခု၊ ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးနိုင်တာကြောင့် ခံယူချက်ချင်းမတူတဲ့ အကြောင်းအရာတွေကိုလည်း လွတ်လွတ်လပ်လပ် ဆွေးနွေးနိုင်လာကြပါတယ်။ ဆန့်ကျင်ဘက် ဝိရောဓိကိစ္စတွေ ဆွေးနွေးညှိနှိုင်းဖို့ အတွက် ဒီလိုလုံခြုံစိတ်ချရလောက်တဲ့ ပတ်ဝန်းကျင် တစ်ခု ဖန်တီးပေးနိုင်ဖို့ အလွန်အရေးကြီးပါတယ်။

**အုပ်စုသုံး–** ကောင်းကောင်းနားထောင်နိုင်စွမ်းရည်ဟာ ပူးပေါင်းဆောင်ရွက်လိုတဲ့ စကားဝိုင်း တစ်ခုဖြစ်လာနိုင်တာ မြင်သာပါတယ်။ အပြန်အလှန်တုံ့ပြန်မှုတွေကို သုံးသပ်ရာမှာ ဝေဖန်မှုတွေကို နှစ်ဖက်စလုံးက လက်ခံကြပြီး ကြည်ကြည်သာသာ ချောချောမွေ့မွေ့နဲ့ပဲ နှုတ်ခွန်းလှန်ထိုးနှက်တိုက်ခိုက်မှုမျိုးကို ဘယ်ဘက်ကမှ လုပ်တာမတွေ့ရဘူးလို့ ဆိုပါတယ်။

နားထောင်နိုင်စွမ်းရည် နည်းပါးသူတွေကတော့ ပြိုင်ဆိုင်ထိုးနှက်လိုစိတ်တွေနဲ့ တစ်ဖက်သူရဲ့ အားနည်းချက်ကို ထိုးနှက်စရာကိုပဲ တမင်ရွေး နားထောင်လေ့ရှိပါတယ်။ သူတို့ဟာ စကားအချေအတင် ထိုးနှက်ပွဲတွေမှာ ဆုတောင်ရနိုင်ပေမယ့် ဆွေးနွေးညှိနှိုင်းမှုအောင်မြင်ဖို့၊ ရှေ့တိုးနောက်ဆုတ် ကွေးသာဆန့်သာ သဘောတူညီမှုရရေးအတွက် အလုပ်မဖြစ်နိုင်ပါဘူး။ မိမိဘက်အနိုင်ရရုံသက်သက်၊ အမြတ်ထုတ်ရရုံသက်သက် နားထောင်ကြသူတွေ ဖြစ်ပါတယ်။

**အုပ်စုလေး–** ကောင်းကောင်း နားထောင်နိုင်စွမ်း ရှိသူတွေဟာ အကြံဉာဏ်ကောင်းတွေ ပေးနိုင်၊ အကြံပေးတွေဖြစ်ဖို့ အလားအလာကောင်းတွေ ရှိတာတွေ့ရပါတယ်။ တစ်ဖက်က မိမိကို ထိုးနှက်နေတဲ့ကြားကပဲ တခြားရွေးချယ်စရာ နည်းလမ်း ရှာကြည့်ဖို့၊ စဉ်းစားဖို့၊ တစ်ဖက်က တိုက်ခိုက်တဲ့ သူကိုလည်း လမ်းဖွင့်ပေးလေ့ရှိပါတယ်။ Bargaining Power အလွန်ကောင်းတဲ့ နားထောင်သူတွေ ဖြစ်လာနိုင်ပါတယ်။ ကိုယ့်ကိုယ်မကျေမနပ် တိုင်တာ၊ ဝေဖန်တာတွေကို ဒူပေနာပေခံနိုင်ကြတာ ကြောင့် ဆန့်ကျင်ဘက်ဝိရောဓိတွေနဲ့ ရင်ကြားစေ့ ဆွေးနွေးဖို့ သင့်တော်တဲ့သူတွေ ဖြစ်ပါတယ်။ ဒါစွမ်းရည် တစ်မျိုးပါ။ တချို့ကတော့ မဟုတ်ဘူး။ ငြိမ်နေပြီးမှ ပြောချင်တာကို ဇွတ်ပြောအပြစ်တင် ရန်လိုစကား ဝင်ပြောကြသူတွေလည်း ရှိပါတယ်။ ဒီလိုလူတွေဟာ နားထောင်ပေးနိုင်စွမ်းမရှိသလို ယုံကြည်စိတ်ချအားကိုးလောက်သူတွေလည်း မဖြစ်နိုင်ဘူးလို့ သုတေသနစာတမ်းမှာ သုံးသပ်ထားပါတယ်။

### ကောင်းကောင်းနားထောင်နိုင်စွမ်း ဆိုရာဝယ်

တချို့ကထင်တယ်။ ကောင်းကောင်း နားထောင်နိုင်စွမ်းဆိုတာ ရေမြှုပ်လို ရေ၊ ဆပ်ပြာကို စုပ်ယူနိုင်သကဲ့သို့ ပြောတဲ့လူကို ဘာမှစောဒကမတက်၊ မတုန်မလှုပ် လက်ခံနိုင်တာလို့ ယူဆကြတယ်။ ဒီလို မဟုတ်ပါဘူး။ ကောင်းကောင်းနားထောင်နိုင်စွမ်းရည်ကို ဆပ်ကပ်ကျွမ်းဘားသမားများ အမြင့်က လိမ့်ကျရင် ခံသာအောင်အောက်မှာ ခံထားတဲ့ စပရိန်ကို ဖုံးထားတဲ့ ပတ္တူဖျင်စ လို တင်စားထားတာ တွေ့ရပါတယ်။ စပရိန်လိုပဲ ပြန်ကန်ထွက်နိုင်တယ်။ ပြောသူရဲ့ Message ကို ကျယ်ကျယ်ပြန့်ပြန့် ချဲ့တွေးပေးနိုင်စွမ်း၊ အကြံဉာဏ်ကောင်း ပေးနိုင်စွမ်း၊ ထောက်ကူဖေးမ နိုင်စွမ်းရှိတဲ့ အရည်အချင်းကို ဆိုလိုရင်းဖြစ်ပါတယ်။ ဒါမှလည်း အစည်းအဝေး ဆွေးနွေးမှုဟာ တက်ကြွအပြုသဘောဆောင်တဲ့ စီမံကိန်းသစ်တွေ စိန်ခေါ်နိုင်တဲ့ ရလဒ်ကောင်းတွေ အစည်းအဝေးမှတ်တမ်းကောင်းရလဒ်တွေ ထွက်နိုင်မှာ ဖြစ်ပါတယ်။

သဘောတူညီမှု ဆွေးနွေးပွဲ ဒါမှမဟုတ် နှစ်ဦး နှစ်ဖက်/ သုံးဦးသုံးဖလှယ် စေ့စပ်ဆွေးနွေးပွဲ ဘယ်လိုဆွေးနွေးပွဲမှာမဆို ပါဝင်ဆွေးနွေးကြသူတွေ အထဲမှာ နားထောင်နိုင်စွမ်း အမြင့်ဆုံး၊ အလယ် အလတ်၊ အနိမ့်ဆုံးရယ်လို့ ရှိနိုင်ပါတယ်။ သုတေသန စာတမ်းတွေ့ရှိချက်မှာတော့ အဆင့်ခြောက်ဆင့် ဆွေးနွေးထားပါတယ်။

### နားထောင်နိုင်စွမ်း အဆင့်များ

၁။ နားထောင်တဲ့သူဟာ ခက်ခဲသော၊ ရှုပ်ထွေးသော၊ နက်နဲသော စိတ်ခံစားမှု ထိလွယ်ရှလွယ်သော မည်သည့်ကိစ္စရပ်များကိုမဆို ဆွေးနွေးနိုင်တဲ့ လုံခြုံစိတ်ချမှုရှိစေမယ့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးနိုင်စွမ်းရှိသူတွေလို့ ဆိုပါတယ်။

၂။ နားထောင်တဲ့သူဟာ ဆူညံမှုတွေ၊ ဖုန်းခေါ်သံတွေ၊ တဒင်ဒင် တဒေါင်ဒေါင် ဖုန်းမက်ချ်ဆေ့သံတွေ အာရုံနှောက်စရာတွေ၊ အာရုံပြောင်းအောင် အနှောင့်အယှက်ဖြစ်စရာအားလုံး ကြိုတင်ရှောင်ထားနိုင်ရမှာဖြစ်ပြီး စကားပြောသူနဲ့ နားထောင်သူကြားမှာ မျက်လုံးချင်းထိတွေ့ဆက်ဆံမှုရှိရပါမယ်။ သူပြောနေတုန်း မျက်နှာထားတင်းတင်းနဲ့ မျက်လုံးလွဲထားတာမျိုး မရှိစေရပါဘူး။ ဒါဟာနားထောင်သူရဲ့ အမူအကျင့်၊ သူ့အတွင်းစိတ်ခံစားမှုကို ရောင်ပြန်ဟပ်တဲ့ စိတ် ပြတင်းပေါက်ပါ။ Professionalism အနေနဲ့ လေ့ကျင့်ထားတဲ့ နားထောင်နိုင်မှု စွမ်းရည်တစ်ခု ပါပဲ။

၃။ နားထောင်သူဟာ တစ်ဖက်လူပြောနေတာ သူပေးချင်တဲ့ အဆိုအာဘော်ကို သေချာနားလည် အောင် ရှာဖွေလိုက်ဖမ်းနိုင်သူ အမီလိုက်နိုင်သူ ဖြစ်ရပါမယ်။ ပေးချင်တဲ့ Message က ဘာလဲ ဖမ်းနိုင်မှသာ အမှန်အကန်နားလည်မှုရှိတဲ့ ဆွေးနွေးချက်တွေအပေါ် သဘောတူ၊ မတူ အတည်ပြုနိုင်မှာဖြစ်ပါတယ်။

၄။ နားထောင်သူဟာ သူ့နှုတ်က ဖွင့်မပြောတဲ့၊ အရိပ်နိမိတ် အချိတ်အဆက်မိအောင်၊ ဥပမာ– မျက်နှာအနေအထား၊ စိတ်ဆိုးနေလား၊ မျက်နှာနီမြန်းနေလား၊ အသက်ရှူနှုန်း အလွန်မြန်နေလား၊

စာမျက်နှာ ၁၇ သို့

❊ လူတွေထင်တတ်ကြတာက သူပြောနေတဲ့အချိန်မှာ စကားဖြတ်မပြောဘဲ ငြိမ်နေလိုက်တာ၊ နားထောင်နေရင်း မျက်နှာအမူအရာနဲ့ ခေါင်းလေး ညိတ်လိုက်၊ ဩော်ဟုတ်လား။ သူပြောနေတဲ့ စကားလုံးတချို့ကို အမေးပုံစံ မျက်နှာပေးမျိုးနဲ့ သံယောင်လိုက်ပြောလိုက်နဲ့ ဒါတွေဟာ နားထောင်နေတာပဲလို့ ထင်ကောင်းထင်ကြပါလိမ့်မယ်။ ဩော်... မင်းပြောတာ ဒီလိုဆိုလိုချင်တာလို့ ငါနားလည်မိတယ် စသည် ... စသည်အားဖြင့် စကားထောက်မေးတာမျိုး တွေကို ကောင်းကောင်း နားထောင်ပေးနေတယ်လို့ ထင်တတ်ကြတယ်။

❀ သဘောတူညီမှု ဆွေးနွေးပွဲ ဒါမှမဟုတ် နှစ်ဦးနှစ်ဖက် / သုံးဦးသုံးဖလှယ် စေ့စပ်ဆွေးနွေးပွဲ ဘယ်လိုဆွေးနွေးပွဲမှာမဆို ပါဝင်ဆွေးနွေးကြသူတွေအထဲ မှာ နားထောင်နိုင်စွမ်း အမြင့်ဆုံး၊ အလယ်အလတ်၊ အနိမ့်ဆုံးရယ်လို့ ရှိနိုင် ပါတယ်

# မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အရှိန်မြှင့်တင်နိုင်ရန်အတွက် MPT– KDDI –Sumitomo တို့ ပူးပေါင်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၃**

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအား အရှိန်မြှင့်တင်မှုတွင် MPT – KDDI – Sumitomo တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဇူလိုင် ၁၀ ရက်က ရန်ကုန်မြို့ Pan Pacific ဟိုတယ်၌ကျင်းပသည့် MPT–KSGM ပူးပေါင်းဆောင်ရွက်မှု ၁၀ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အထူးဝန်ဆောင်မှုပေးသည့် မိတ်ဆက်ပွဲအခမ်းအနားမှ သိရသည်။

၂၀၁၄ ခုနှစ် ဇူလိုင်လမှစတင်၍ MPT နှင့် KSGM ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုနှင့် ပြည်သူ့အကျိုးပြုလူမှုအထောက်အကူပြုလုပ်ငန်းများကို ယနေ့တိုင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး ဇူလိုင်လမှစတင်၍ အထူးပရိုမိုးရှင်း အစီအစဉ်အဖြစ် ကံစမ်းမဲများနှင့် အကျိုးခံစားခွင့်များ၊ Flash၊ MPT Club မိတ်ဖက်တို့၏ အထူးပရိုမိုးရှင်း အစီအစဉ်များ၊ ထပ်ဆောင်းဝန်ဆောင်မှု ကံစမ်းမဲများနှင့် အစီအစဉ်ပေါင်းများစွာကို စက်တင်ဘာလအထိ ဝန်ဆောင်မှုများပေးသွားမည်ဖြစ်ကြောင်း သိရသည်။

MPT–KSGM Join Operations ၏ စီးပွားရေးဌာနမှ အရာရှိချုပ်ဖြစ်သူ Mr.Yoshinori YAGI က " MPT–KSGM ပူးပေါင်းဆောင်ရွက်မှု ၁၀ နှစ်ပြည့်အထိ ရပ်တည်နေတာဟာ သုံးစွဲသူတွေနဲ့ မိတ်ဖက်အဖွဲ့အစည်းတွေ ယုံကြည်မှုနဲ့ ထောက်ပံ့မှုတွေကြောင့်ပါပဲ။ ဆယ်စုနှစ်တစ်ခုထက်ပိုမိုခိုင်မာတဲ့ ချိတ်ဆက်မှုကနေ အနာဂတ်ကာလအထိ မြှင့်တင်ဆောင်ရွက်သွားမှာပါ။ သုံးစွဲသူတွေကို လိုအပ်ချက်နဲ့ကိုက်ညီပြီး စိတ်လှုပ်ရှားဖွယ်ကောင်းတဲ့ ပရိုမိုးရှင်းအစီအစဉ်တွေကို မိတ်ဆက်ပေးထားပါတယ်" ဟု ပြောကြားသည်။

KSGM သည် ဂျပန်နိုင်ငံမှ KDDI နှင့် Sumitomo တို့ ပူးပေါင်းဆောင်ရွက်ကာ ဆယ်နှစ်အတွင်း ဒေါ်လာနှစ်ဘီလီယံ ရင်းနှီးမြှုပ်နှံရန်ရည်ရွယ်ခဲ့ပြီး ထိုရင်းနှီးမြှုပ်နှံမှုသည် ဂျပန်နိုင်ငံ၏ အကြီးမားဆုံးသော ရင်းနှီးမြှုပ်နှံမှုများထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

**အောင်သန်းဦး**



# အောက်လင်းဇင်းရေပေးမြောင်းမှ သီးနှံမျိုးစုံဧက ၁၃၀၀ အတွက် စိုက်ပျိုးရေ ပြည့်ဝစွာပေးဝေ

**ကျောက်ဆည် ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ သီးနှံမျိုးစုံဧက ၁၃၀၀ စိုက်ပျိုးရေ ပြည့်ဝစွာပေးနိုင်ရေး အောက်လင်းဇင်း ရေမြောင်းမှ ရေကျအဆောက်အအုံတစ်ခုကို မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ရေကျအဆောက်အအုံသည် ကျောက်ဆည်မြို့နယ် ပုန်းညက်ကျေးရွာအနီးတွင် တည်ရှိပြီး နှစ်ကာလကြာမြင့်သောကြောင့် ရေအဝင်ပိုင်းနှင့် ရေအထွက် မြေကာနံရံများ ပျက်စီးကာ မြောင်းပေါင်ရေတိုက်စားပျက်စီးမည့် အခြေအနေများဖြစ်ပေါ်လျက်ရှိသဖြင့် မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၉ သန်းဖြင့်ရေကျအဆောက်အအုံ၏ အထက်၊ အောက်မြောင်းကြမ်းပြင်များနှင့် မြောင်းပေါင်နှုတ်ခမ်းများ ပြန်လည်ပြုပြင်ပေးရခြင်းဖြစ်သည်။

ရေကျ အဆောက်အအုံ ပြန်လည် ပြုပြင်ပေးခြင်းများနှင့် ပတ်သက်၍ ယခုအခါ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေကျအဆောက်အအုံ ပြန်လည်ပြုပြင်ပေးသောကြောင့် ဆည်မြောင်းရေတွေ ရာသီမရွေး အသုံးပြုနိုင်ပြီဖြစ်ကြောင်း" ဟု တောင်သူဦးမြင့်အောင်က ပြောသည်။

**ခရိုင်**
**(ပြန်/ဆက်)**

# ဥက္ကံမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုး၊ ပြုစုထိန်းသိမ်းရေး အသိပညာပေးဟောပြော

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုး၊ ပြုစုထိန်းသိမ်းရေး အသိပညာပေးဆိုင်ရာ ဟောပြောပွဲကို ဇူလိုင် ၈ ရက်က အခြေခံပညာအထက်တန်းကျောင်း (ဥက္ကံမြို့) မြဝတီခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးသန်းစိုးနိုင်က မိုးရာသီကာလ သစ်ပင်စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်းဆိုင်ရာ နည်းစနစ်များနှင့် အကျိုးကျေးဇူးများကို ဆွေးနွေးဟောပြောကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ကျောင်းဝင်းအတွင်း ခရေ၊ ကံ့ကော်၊ ကျွန်း၊ ပျဉ်းကတိုးနှင့် မဟော်ဂနီ စုစုပေါင်းပျိုးပင် ၂၅၀ ကို တက်ရောက်လာသူများက စိုက်ပျိုးခဲ့ပြီး အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# တောင်တွင်းကြီးမြို့နယ်၌ ကျောင်းသား ကျောင်းသူလေးများအား ကျန်းမာရေးစစ်ဆေး

**တောင်တွင်းကြီး ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မြို့မအခြေခံပညာ အလယ်တန်းကျောင်းတွင် သွားနှင့် ခံတွင်းကျန်းမာရေး၊ မျက်ခမ်းစပ်ရောဂါ ကာကွယ်ရေး စစ်ဆေးပေးခြင်းနှင့် အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဇူလိုင် ၁၁ ရက်က ဆောင်ရွက်ကြောင်း သိရသည်။



အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ သွားနှင့် ခံတွင်းဆရာဝန်ကြီး ဒေါက်တာထွန်းလင်းနေဇော်၊ မြို့နယ်ကျန်းမာရေးမှူး ဦးခင်မောင်ရီနှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား သွားနှင့် ခံတွင်းကျန်းမာရေးအတွက် အသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း သွားနှင့်ခံတွင်း၊ မျက်ခမ်းစပ်ရောဂါ ကာကွယ်ရေးအတွက် စစ်ဆေးပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ခြင်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရန်နောင်စိုး (ပြန်/ဆက်)**

# ဆိပ်ဖြူမြို့နယ်ရှိ ကျေးရွာများအား ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ဆိပ်ဖြူ ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ဧရာဝတီမြစ်ရေဝင်ရောက်သည့် ကျေးရွာများအား မြို့နယ်သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ကွင်းဆင်း၍ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇူလိုင် ၁၁ ရက်က ကွင်းဆင်းစီမံဆောင်ရွက်သည်။

ဆိပ်ဖြူမြို့နယ် ဧရာဝတီမြစ်ကမ်းဘေး၌ အခြေချနေထိုင်ကြသည့် ရပ်ကွက်/ကျေးရွာများ၌ မြစ်ရေစတင်ဝင်ရောက်လာသည့်အတွက် ဒေသခံပြည်သူများ ရေဘေးအန္တရာယ် ကာကွယ်ဆောင်ရွက်နိုင်စေရန်အတွက် မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစည်သူနေမျိုး၊ မြို့နယ် မီးသတ်တပ်ဖွဲ့ ဦးစီးမှူးနှင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ သက်ဆိုင်ရာတာဝန်ရှိသူများက ရေဘေးအန္တရာယ်ကင်းဝေးရေး ရေဘေးရှောင်စခန်းများ စီမံဆောင်ရွက်ထားရှိမှု၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် နာမကျန်းဖြစ်နေသူများ အရေးကြီးစာရွက်စာတမ်းများနှင့် နေအိမ်များ၌ မွေးမြူထားရှိသည့် တိရစ္ဆာန်များအား ရေလွတ်ရာအရပ်များဖြစ်သည့် ရေဘေးရှောင်စခန်းများ၌ သွားရောက်နေထိုင်ရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် ရေဘေးအန္တရာယ် အသိပညာပေးလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ကိုဖွဲ့(အညာမြေ)**

**သစ်ပင်စိုက်မှ အရိပ်ရ၏။**
**ရိပ်ခိုနားနေ အပန်းဖြေ၏**

*စာမျက်နှာ ၁၆ မှ*

ဇော်ချွေးပြန်နေလားဆိုတာတွေ လိမ္မာပါးနပ်စွာ အကဲဖမ်းနိုင်ရပါမယ်။

၅။ နားထောင်သူဟာ၊ တစ်ဖက်လူ ဆွေးနွေးတဲ့ အကြောင်းအရာပေါ်မှာ သူ့စိတ်ခံစားမှု မထိန်းချုပ်နိုင်ပါလားဆိုတာ သိနေရင်တောင်မှ သူ့စိတ်ခံစားမှုကို ကူညီဖေးမပြီး သူ့ကိုအကောင်းအဆိုး မဝေဖန်၊ မတုံ့ပြန်ဘဲ Non– Judgemental Way နဲ့၊ ကျိုးကြောင်း ညီညွတ်အောင်၊ ကွေးသာ ဆန့်သာ အနေအထားမျိုးနဲ့ ကိုင်တွယ်သွားနိုင်တာဟာ နားထောင်နိုင်စွမ်း အရည်အသွေးတစ်ခုဖြစ်ပါတယ်။

၆။ နားထောင်တတ်သူဟာ တစ်ဖက်လူပြောတဲ့ သူ့ယူဆချက်ကို ရှင်းလင်းအောင် ပြန်မေးတတ်ရပါမယ်။ ဆွေးနွေးချက်ပေါ်မှာ အတွေးအခေါ်သစ်၊ အယူအဆသစ်တွေ ထပ်လောင်းပေးနိုင်စွမ်း ရှိရပါတယ်။ ဒါမှသာ ပါဝင်သူအားလုံးအတွက် အသုံးကျပြီး အကျိုးရှိနိုင်မှာပါ။ ဒါပေမယ့်လည်း တစ်ချိန်လုံး ငြိမ်နေပြီးကာမှ စကားဝိုင်းအနုကြမ်းစီးသလိုမျိုး ဝင်လုပြော ဖြတ်ပြော၊ ကိုယ်လိုရာဆွဲ၊ တဇွတ်ထိုးဝင်စွက်ဖက်တာမျိုး မလုပ်ရပါဘူး။ ဒါဟာ အလွန်နိမ့်ကျတဲ့ နားထောင်နိုင်စွမ်းအဆင့်ရှိသူ ဖြစ်ပါလိမ့်မယ်။

တချို့အခြေအနေမျိုးတွေမှာ စကားတွေရှည်၊ လိုရင်းမရောက်ဆိုတဲ့အခါမျိုးမှာ စကားရှည်နေသူကို စိတ်မရှည်၊ နားမထောင်နိုင်ဘဲ၊ တိုတိုဖြတ်ပစ်တာမျိုးလည်း ရှိဖူးပါတယ်။ ဒါမျိုးဟာ အရည်အသွေးကောင်း၊ ရလဒ်ကောင်းမထွက်နိုင်တဲ့ ဆွေးနွေးပွဲပါ။

**နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်နိုင်တဲ့**
**ရလဒ်မျိုးထွက်ဖို့ ဆိုရာဝယ်**

အစည်းအဝေး ဒါမှမဟုတ် ညှိနှိုင်းပြောဆိုရင်ကြားစေ့မှု၊ ဘယ်လိုကိစ္စပဲဖြစ်ဖြစ် ဆွေးနွေးတင်ပြသူနဲ့ နားထောင်သူတွေဟာ နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်နိုင်တဲ့ ရလဒ်မျိုးထွက်ဖို့ လိုအပ်ပါတယ်။ ကိတ်မုန့်တစ်လုံးလုံး ကိုယ်တစ်ယောက်တည်း ယူချင်လို့မရပါဘူး။ သင့်တော်သလို သူ့ဘက်ကိုယ့်ဘက်ဖြစ်နိုင်တာ ဝေမျှရမှာပါ။


အနုတ်လက္ခဏာ အပျက်သဘောဆောင် "ဘူးခံ" ဝါဒဟာ လမ်းဟောင်းမှာဘဲ ဒုံရင်းဒုံရင်းကျန်နေခဲ့မှာပါ။

ရှေ့ကို တက်လှမ်းမယ့် ဖွံ့ဖြိုးတိုးတက်လိုတဲ့ လူပုဂ္ဂိုလ်၊ အသင်းအဖွဲ့၊ ကုမ္ပဏီမှန်သမျှ စိတ်ခံစားမှု ဉာဏ်စွမ်းဉာဏ်စရဲ့ ဆားတစ်ပွင့်ဖြစ်တဲ့ မတူညီကွဲပြားသော ဝိဝါဒမျိုးစုံကို နားထောင်ပေးတတ်သော နားထောင်ခြင်းအနုပညာမှတစ်ဆင့် ကောင်းကျိုးများတဲ့ လမ်းသစ်ဆီသို့ ရှေ့နိုင်မယ်လို့ စာရေးသူကတော့ ယုံကြည်ပါတယ်။ ဒါကြောင့် နားထောင်ခြင်း အနုပညာဆိုတဲ့ စိတ်ခံစားမှု ဉာဏ်စွမ်းဉာဏ်စကို Self–culture ကိုယ့်ရင်ထဲက အနုပညာ၊ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်အသိုက်အမြုံ၊ ကိုယ့်နိုင်ငံအတွက် ရှင်သန်အောင် ကြိုးစားလေ့ကျင့်ကြပါစို့ ...။ ။

## မြန်မာစာ မြန်မာစကား

ကြိယာကို အထူးပြုသောပုဒ်ကို ၎င်းနှင့်သက်ဆိုင်သည့် ကြိယာ၏ ရှေ့တွင် ထားရသည်။

၅။ (က) **အိမ်တွင်** မြန်မာ့ယဉ်ကျေးမှုကို အစဉ်ထိန်းသိမ်းရမည်ဟု မိဘနှစ်ပါးက ဆုံးမသည်။
**[အိမ်တွင်သာ ထိန်းရမည်။ ပြင်ပတွင် ထိန်းရန် မလို။]**



(ခ) မြန်မာ့ယဉ်ကျေးမှုကို **အစဉ်ထိန်းသိမ်းရမည်ဟု** မိဘနှစ်ပါးက အိမ်တွင် ဆုံးမသည်။
**[မိဘနှစ်ပါး ဆုံးမသောနေရာမှာ အိမ် ဖြစ်သည်။]**

၆။ (က) ဆေးရုံသန့်ရှင်းရေးအတွက် **လူနာခုတင်ပေါ်နှင့် ခုတင်အနီး** လူနာစောင့်များ ထမင်းမစားရ။
**[ခုတင်ပေါ်တွင်ရှိသော လူနာစောင့်များနှင့် ခုတင်အနီးတွင်ရှိသော လူနာစောင့်များသည် ထမင်းမစားရ။]**




(ခ) ဆေးရုံသန့်ရှင်းရေးအတွက် **လူနာစောင့်များ လူနာခုတင်ပေါ်နှင့် ခုတင်အနီး** ထမင်းမစားရ။
**[ခုတင်ပေါ်နှင့် ခုတင်အနီးတွင် ထမင်းမစားရ။ အခြားနေရာတွင် စားနိုင်သည်။]**

**ကတ္တားကို သက်ဆိုင်ရာကြိယာနှင့် နီးကပ်စွာ ထားရသည်။**

၁။ (က) **သစ်လုပ်ငန်းကော်ပိုရေးရှင်းက** သစ်မွှေးများကို ရောင်းရန် တင်ဒါစနစ်ဖြင့် စီစဉ်လျက်ရှိသည်။
**[သစ်လုပ်ငန်းကော်ပိုရေးရှင်းက သစ်မွှေးများကို ပိုင်ဆိုင်သည်။]**

(ခ) သစ်မွှေးများကို တင်ဒါစနစ်ဖြင့် ရောင်းရန် **သစ်လုပ်ငန်းကော်ပိုရေးရှင်းက** စီစဉ်လျက်ရှိသည်။
**[သစ်လုပ်ငန်းကော်ပိုရေးရှင်းက ရောင်းရန် စီစဉ်သည်။]**

၂။ (က) **လော့စ်အိန်ဂျလိစ် တရားရုံးက** ရှော့ဒနီကင်းအား ရိုက်နှက်သည့် လူဖြူရဲအဖွဲ့ဝင်များကို တရားသေလွှတ်ပေးခဲ့သည့် ပြစ်ဒဏ်စီရင်ချက်ကို . . .
**[ရှော့ဒနီကင်းသည် လော့စ်အိန်ဂျလိစ်တရားရုံးက ဖြစ်သည်။]**

(ခ) ရှော့ဒနီကင်းအား ရိုက်နှက်သည့် လူဖြူရဲအဖွဲ့ဝင်များကို **လော့စ်အိန်ဂျလိစ် တရားရုံးက** တရားသေလွှတ်ပေးခဲ့သည့် ပြစ်ဒဏ်စီရင်ချက်ကို...
**[လော့စ်အိန်ဂျလိစ် တရားရုံးက တရားသေလွှတ်ပေးသည်။]**

၃။ (က) အာဟာရနှင့်စပ်လျဉ်းသော**အစည်းအဝေးများက** လူကြီးလူငယ်တို့၏ အစားအသောက်ကို စနစ်တကျပြုပြင်သွားသင့်ကြောင်း အဆိုပြုကြသည်။
**[အစည်းအဝေးများတွင်ရှိသော လူကြီးလူငယ် ဖြစ်သည်။]**

(ခ) လူကြီးလူငယ်တို့၏ အစားအသောက်ကို စနစ်တကျ ပြုပြင်သွားသင့်ကြောင်း အာဟာရနှင့်စပ်လျဉ်းသော **အစည်းအဝေးများက** အဆိုပြုကြသည်။
**[အစည်းအဝေးများက အဆိုပြုသည်။]**




မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။

# မြန်မာနိုင်ငံအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများတွင် အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာနနှင့် ပူးပေါင်းဆောင်ရွက်

ရန်ကုန်  ဇူလိုင်  ၁၃

**မြန်မာနိုင်ငံအနေဖြင့် အာဆီယံအမွေအနှစ်ဥယျာဉ်များအချင်းချင်း ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေးနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး ပူးပေါင်းဆောင်ရွက်မှုအဖြစ် သစ်တောဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများသည် အင်ဒိုနီးရှားနိုင်ငံ Gunung Leuser National Park-GLNP ဥယျာဉ်သို့ ဇွန် ၂၄ ရက်က လေ့လာရေးခရီးစဉ်အဖြစ် လေးရက်တာ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။**



အင်ဒိုနီးရှားနိုင်ငံ GLNP ဥယျာဉ်ပြခန်းအတွင်း တောရိုင်းတိရစ္ဆာန်များကို ပြသထားစဉ်။

မြန်မာနိုင်ငံရှိအာဆီယံအမွေအနှစ်ဥယျာဉ်များ၏ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ပေါကြွယ်ဝမှုကို အာဆီယံဒေသတွင်းနိုင်ငံများအကြား ပိုမိုသိရှိလာစေရန်၊ အင်ဒိုနီးရှားနိုင်ငံမှ အာဆီယံအမွေအနှစ်ဥယျာဉ်များတွင် အုပ်ချုပ်လုပ်ကိုင်မှုစီမံရေးစနစ်များ၊ ဥယျာဉ်တွင် တရားဥပဒေစိုးမိုးရေးနှင့် Smart နည်းစနစ်ကို ပိုမိုထိရောက်စွာ စနစ်တကျ ချိတ်ဆက်ဆောင်ရွက်မှု၊ မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား အာဆီယံအမွေအနှစ်ဥယျာဉ် အဆိုပြုတင်ပြခြင်း၊ တည်ထောင်သတ်မှတ်ခြင်း၊ ရေရှည်တည်တံ့အောင် ထိန်းသိမ်းမှုများနှင့် အားသာချက်၊ အားနည်းချက်များကို အပြန်အလှန် နီးနှောဖလှယ်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာန(ASEAN Center for Biodiversity-ACB)၏ ထောက်ပံ့မှုဖြင့် လေ့လာရေးခရီးစဉ် သွားရောက်ခဲ့ခြင်းဖြစ်သည်။

လေ့လာရေးအဖွဲ့အနေဖြင့် ဆူမားတြားကျွန်းမြောက်ပိုင်းရှိ ကမ္ဘာပေါ်တွင် အကြီးဆုံး မိုးသစ်တောအတွင်း ကျက်စားလျက်ရှိသည့် ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းကာကွယ်ထားခြင်းကို စောင့်ကြည့်လေ့လာခြင်းနှင့် UDIK နည်းပညာဖြင့် သုတေသနဆောင်ရွက်မှု၊ ဒေသခံများပါဝင်သော ကြားခံနယ်မြေသစ်တောများ ပြန်လည်တည်ထောင်ခြင်း၊ ပညာပေးခြင်းနှင့် ရေရှည်တည်တံ့သော သဘာဝအခြေခံခရီးသွားလုပ်ငန်းတိုးတက်ရန် ဒေသခံများ၊ အမျိုးသားဥယျာဉ်ဝန်ထမ်းများနှင့် ဒေသခံအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်မှု၊ အမျိုးသားဥယျာဉ်ပတ်ဝန်းကျင်ရှိ ဒေသခံအမျိုးသမီးများ၊ လူငယ်များအား ACB-SGP အစီအစဉ်ဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့်ပတ်သက်သည့် အလုပ်အကိုင်အခွင့်အလမ်းများ၊ ဝင်ငွေရအခွင့်အလမ်းများ ဖော်ထုတ်ခြင်းဖြင့် အမျိုးသားဥယျာဉ်များအပေါ် မှီခိုမှုလျော့ပါးလာစေပြီး ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်ခြင်း စသည်တို့ကို လေ့လာနိုင်ခဲ့ပြီး မြန်မာနိုင်ငံအတွင်းရှိ အာဆီယံအမွေအနှစ် ဥယျာဉ်များတွင် ACB-SGP အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော တရားဥပဒေစိုးမိုးရေးလုပ်ငန်း၊ ကြားခံနယ်မြေအတွင်း ဒေသခံပြည်သူအခြေပြု သဘာဝအခြေခံခရီးသွားအကောင်အထည်ဖော်ခြင်းလုပ်ငန်း၊ အော်ဂဲနစ် လယ်ယာဖော်ဆောင်ရေးလုပ်ငန်း၊ ကြားခံနယ်မြေအတွင်း ပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းလုပ်ငန်းနှင့် ဘေးမဲ့တောပတ်ဝန်းကျင်ရှိ အမျိုးသမီးများ၏ အခန်းကဏ္ဍမြှင့်တင်ရေးလုပ်ငန်းတို့နှင့်စပ်လျဉ်း၍ မျှဝေဆွေးနွေးခဲ့ကြောင်းသိရသည်။

GLNP အာဆီယံအမွေအနှစ် ဥယျာဉ်သည် အပူပိုင်းမိုးသစ်တော ဟက်တာတစ်သန်းကျော်ကို ထိန်းသိမ်းကာကွယ်ထားသည့် အမျိုးသားဥယျာဉ်တစ်ခုဖြစ်ပြီး ဆူမားတြားကျား၊ ကြံ့၊ မျောက်ဝံနှင့် ဆင်မျိုးစိတ်အပါအဝင် နို့တိုက်သတ္တဝါ ၁၄၇ မျိုး၊ ငှက်မျိုးစိတ် ၃၈၀ တို့ ကျက်စားလျက်ရှိသည်။ ဆူမားတြား ကျားမျိုးစိတ်သည် ကမ္ဘာပေါ်တွင် ကောင်ရေ ၄၀၀ ခန့်ရှိရာ ထိုဥယျာဉ်တွင် ကောင်ရေ ၂၀၀ ခန့် ကျက်စားလျက်ရှိပြီး ကမ္ဘာပေါ်ရှိ ကြံ့မျိုးစိတ် ငါးမျိုးအနက် ဆူမားတြားကြံ့မျိုးစိတ်မှာ အငယ်ဆုံးမျိုးစိတ်ဖြစ်ရာ ကမ္ဘာပေါ်တွင် ကောင်ရေ ၃၀၀ ခန့်ရှိ၍ ထိုဥယျာဉ်တွင် ၃၅ ကောင်ခန့် ကျက်စားလျက်ရှိသည်။ ကမ္ဘာပေါ်တွင်သစ်ပင်များပေါ်၌ ကျက်စားလေ့ရှိသည့် မျောက်ဝံမျိုးစိတ်တွင် အကြီးဆုံးမျိုးစိတ်ဖြစ်သည့် Orangutans မျိုးစိတ်သည် သက်တမ်း နှစ် ၅၀ ခန့် ရှင်သန်ပြီး ထိုဥယျာဉ်တွင် ကောင်ရေ ၆၆၀၀ ကျော် နေထိုင်ကျက်စားလျက်ရှိကာ အဆိုပါ တောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းကာကွယ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အာဆီယံအမွေအနှစ် အမျိုးသားဥယျာဉ် ရှစ်ခုရှိပြီး မိုးယွန်းကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ပုပ္ပားတောင်ဥယျာဉ်တို့အား အာဆီယံအမွေအနှစ်ဥယျာဉ်များအဖြစ် အဆိုပြုထားကာ အာဆီယံအမွေအနှစ် ဥယျာဉ်များအချင်းချင်း ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေးနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ASEAN Center for Biodiversity – ACB နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ – (MNP)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# ရေထွက်ပစ္စည်းများနှင့် ဆက်စပ်ကုန်ပစ္စည်းများကို အနည်းဆုံးတစ်ရက် ကြိုတင်ခွင့်ပြုချက်ရှိမှသာ တင်သွင်းခွင့်ရတော့မည်ဟု ထိုင်းနိုင်ငံမှ ကြေညာချက်ထုတ်ပြန်ထား



**မြိတ် ဇူလိုင် ၁၃**

နယ်စပ်ဒေသ တစ်လျှောက်ရှိ နယ်စပ်ဂိတ်အားလုံးမှ တင်သွင်းလာမည့် ရေထွက်ကုန်ပစ္စည်းများနှင့် ဆက်စပ်ကုန်ပစ္စည်းများကို အနည်းဆုံးတစ်ရက် ကြိုတင်ခွင့်ပြုချက်ရှိမှသာ တင်သွင်းခွင့်ရတော့မည်ဟု ထိုင်းနိုင်ငံမှ ကြေညာချက် ထုတ်ပြန်ထားကြောင်း သိရသည်။

**ကြိုတင်အကြောင်းကြားမှ ဝယ်မည်**

ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်းများ ဝယ်ယူတင်သွင်းရာ၌ သက်သာဆိုင်ရာ အေးဂျင့်များမှတစ်ဆင့် တင်ပို့မည့်ကုန်ပစ္စည်းအမည်နှင့် အရေအတွက်များကို ကြိုတင်အကြောင်းကြားထားမှသာလျှင် ဝယ်ယူမည်ဖြစ်ကြောင်း အဆိုပါ ကြေညာချက်တွင် ရေးသားထားသည်။ ထိုင်းနိုင်ငံအနေဖြင့် ကြေညာချက် ထုတ်ပြန်ခြင်းကို ဇူလိုင်လ ဒုတိယအပတ်တွင် ထုတ်ပြန်လာခြင်းဖြစ်ပြီး ထိုင်းနိုင်ငံတစ်ဝန်းရှိ နယ်စပ်ဂိတ်အားလုံးနှင့်သက်ဆိုင်မည် ဖြစ်ကြောင်း သိရသည်။

"အခုလက်ရှိ ပြန်လည်ဖြေလျှော့ပေးထားတဲ့ ရေထွက်ကုန်ပစ္စည်း ၁၀မျိုးကိုလည်း ပုံမှန်အတိုင်း တင်ပို့နိုင်မယ်။ အခု ကြေညာချက်က ထိုင်းနိုင်ငံဘန်ကောက်မှာရှိတဲ့ ရုံးချုပ်က ထုတ်ပြန်တာဖြစ်ပြီး မြန်မာနိုင်ငံနဲ့ကုန်သွယ်မှုပြုလုပ်နေတဲ့ နယ်စပ်ဂိတ်အားလုံးနဲ့ သက်ဆိုင်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းက ထွက်ရှိတဲ့ ရေထွက်ပစ္စည်းတွေကို တင်ပို့တဲ့အခါမှာလည်း အဲဒီအကြောင်းကြားစာမှာ ပါတဲ့အတိုင်း လိုက်နာရမယ်" ဟု မြိတ်မြို့မှ သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင် တစ်ဦးက ပြောသည်။

**ဥပဒေပြဋ္ဌာန်းချက်အရ**

ထိုင်းနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန လက်အောက်ရှိငါးဖမ်းသင်္ဘောများ၊ ရေထွက်ပစ္စည်းများနှင့် ဆက်စပ်ကုန်ပစ္စည်းများ စစ်ဆေးရေးဌာနညွှန်ကြားရေးမှူးက ၂၀၁၇ ခုနှစ် ရေထွက်ပစ္စည်းများနှင့်ဆက်စပ်ထုတ်ကုန်ပစ္စည်းများနှင့် သက်ဆိုင်သည့် ဥပဒေပြဋ္ဌာန်းချက်ပုဒ်မ (၉၂)၊ အပိုဒ် (၄)ပါ ပြဋ္ဌာန်းချက်အရ အပ်နှင်းထားသည့် အခွင့်အာဏာကို အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေ၌ ပါဝင်သည့် ရေထွက်ပစ္စည်းများနှင့် ဆက်စပ်ထုတ်ကုန်ပစ္စည်းများ၏ နောက်ကြောင်းပြန်စစ်ဆေးနိုင်မည့်စနစ်အရ ထိုင်းနိုင်ငံအတွင်းသို့ဝင်ရောက်လာသည့် ကုန်ပစ္စည်းများမှာ ဥပဒေနှင့်အညီ ဟုတ်၊ မဟုတ် တရားမဝင် ငါးဖမ်းဆီးမှုတားဆီးရေး၊ ရေထွက်ပစ္စည်း ရရှိလာမှုလမ်းကြောင်းနှင့် ဖမ်းဆီးရရှိမှုတည်နေရာများကို တိကျစွာ ဖော်ပြထားရန်၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း စည်းကမ်းသတ်မှတ်ချက်များအတိုင်း တိကျစွာ လိုက်နာရန် ထိုင်းနိုင်ငံနယ်စပ်စစ်ဆေးရေးဂိတ်များအားလုံးကိုလည်း ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း သိရသည်။

**ကျန်းမာရေးထောက်ခံချက်**

အဆိုပါထုတ်ပြန်ချက်ကြောင့် မောတောင်-ဆင်းခွန်နယ်စပ်ဂိတ်မှ ရေထွက်ပစ္စည်းများ အဓိကတင်ပို့နေသည့် မြန်မာကုန်သည်များအနေဖြင့် မိမိတို့ တင်ပို့မည့်ကုန်ပစ္စည်းများ၏ အမည်များနှင့် အရေအတွက်များကို ကြိုတင်အကြောင်းကြားပြီးမှ သာလျှင် တင်ပို့ရမည်ဖြစ်ကြောင်း သိရသည်။ ပြုပြင်ထုတ်လုပ်ထားသည် ကုန်ပစ္စည်းများ၊ (ဥပမာ-ငါးဆားထိုး၊ ကဏန်းချေးပုံး၊ ဆားစိမ်) တွင် ကျန်းမာရေးထောက်ခံချက်ပါရမည် ဖြစ်ပြီး ကြိုတင်ပေးပို့ရမည့် စာရင်းတွင် ပူးတွဲတင်ပြရမည် ဖြစ်ကြောင်း ထိုင်းနိုင်ငံမှ ကြေညာချက် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အထက်ပါ ကြေညာချက် ထုတ်ပြန်လိုက်သည့်အတွက် ရေလုပ်ငန်းရှင်များအနေဖြင့် အခက်အခဲတချို့ ကြုံတွေ့နိုင်သည့်အတွက် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်ကျေးရွာအုပ်စု အင်းလေးမြိုင်စက်မှုဇုန်တွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က တည်ရှိခဲ့သည့် အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးကြီးတွင် ငါးဈေးကွက်ကြီး ပြန်လည်အကောင်အထည် ဖော်ဆောင်နိုင်ပါက လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ငါးများကို ကြိုက်ဈေးခေါ်ယူရောင်းချနိုင်ခြင်း၊ အချိန်ကုန်သက်သာခြင်း၊ စရိတ်စက သက်သာခြင်း၊ ဒေသအတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာမည့်အပြင် တရားမဝင်ကုန်သွယ်မှုများကိုလည်း ထိန်းချုပ်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်အခများ တိုးပွားရရှိလာမည် ဖြစ်ကြောင်းသိရသည်။

**မြင့်ဦး(မြိတ်)**



# မော်လိုက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ မြင့်တက်ကာ ခန္တီးမြို့နယ်နှင့် မော်လိုက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မော်လိုက်မြို့နယ် ညောင်ဝန်းဘုရားကုန်း၊ ညောင်ပင်သာဘုန်းကြီးကျောင်း၊ အားကစားခန်းမဟောင်းတို့ရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ထောက်ပံ့ပေးအပ်သည်။(**အပေါ်ပုံ**)

ထို့နောက် မြစ်ရေကြီးမှု နှင့်အတူ ပါရှိလာသည့် နုန်း၊ သဲနှင့် အမှိုက်များအား ဖယ်ရှားရှင်းလင်းကာ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သမ္ဗန်တိုက်မှုတွင် ပျောက်ဆုံးနေသူများ၏ ရုပ်အလောင်းများတွေ့ရှိ

**ရန်ကုန် ဇူလိုင် ၁၃**

ဇူလိုင် ၁၀ ရက် နံနက်က လှိုင်မြစ်အတွင်း ကျောက်တင်သင်္ဘောနှင့် ခရီးသည်တင်သမ္ဗန်တို့ တိုက်မိရာမှ သမ္ဗန်ပေါ်တွင်ပါလာသည့် သမ္ဗန်မောင်းသမားအပါအဝင် ကျောင်းသား နှစ်ဦးနှင့်ခရီးသည် ခြောက်ဦးကိုသာ ကယ်ဆယ်နိုင်ခဲ့ပြီး ကျောင်းသူ တစ်ဦး၊ ကျောင်းသား နှစ်ဦးနှင့်ခရီးသည် ငါးဦး ပျောက်ဆုံးနေသည့်အတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုလတ် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့သည်။

ဇူလိုင် ၁၂ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင် မချိုဇင်ဖူး (၁၂)နှစ်၊ မောင်သက်အောင် (၂၀) နှစ်၊ ဦးထွန်းမြင့်ဦး (၄၂) နှစ်၊ မောင်ချစ်မင်းသန်း (၁၈) နှစ်၊ မောင်ကောင်းခန့်ကျော်တို့၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ပြီး ယင်းနေ့ညပိုင်းတွင် မောင်အောင်မျိုးဟိန်း (၂၁)နှစ်၊ ဇူလိုင် ၁၃ ရက် နံနက်တွင် မထက်ထက်ဝင်း(၂၀)နှစ်နှင့် အမည်မသိ ရုပ်အလောင်း တစ်လောင်းတို့ကို ထပ်မံတွေ့ရှိခဲ့သည်။

သမ္ဗန်တိုက်မှုနှင့်ပတ်သက်၍ သမ္ဗန်မောင်းသူ ဦးဇော်လင်း (၃၇) နှစ်ကို အခင်းဖြစ်သည့်နေ့မှာပင် ရေကြောင်းရဲတပ်ဖွဲ့က ဖမ်းဆီးထားပြီး ဗိုလ်တထောင်မြို့မ ရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကြီးတင်**



# ဝေါမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ရာ အမျိုးသားတစ်ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိ

**နေပြည်တော် ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီခန့်က ဝေါမြို့နယ် ကျိုက်လှကျေးရွာအနီး ရန်ကုန်-မော်လမြိုင် ကားလမ်း မိုင်တိုင်အမှတ် ၆၅ မိုင် ၇ ဖာလုံ နှင့် ၆၆ မိုင်ကြားတွင် ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ ဝေါမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာဘုရားကြီး မြို့ဘက်မှ ဝေါမြို့ဘက်သို့ ဘုရားကြီးမြို့နယ် (၁) ရပ်ကွက်နေ သက်လွင်ဦး(၂၉)နှစ်မောင်းနှင်ပြီး ယာဉ်နောက်လိုက် တစ်ရပ်ကွက်တည်းနေ ဇာနည်အောင် (၃၇) နှစ်လိုက်ပါကာ BGO-11 N/xxxx HILUX ယာဉ်ဖြင့် ခရီးသည် ခြောက်ဦးအား တင်ဆောင်၍ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ လားရာတူရှေ့တွင် စက်ချွတ်ယွင်း၍ လမ်းယာဘက်ခြမ်းတွင် ရပ်တန့်ထားသော ပေါင်းတည်မြို့နယ် မင်းကွပ် (၃) ရပ်ကွက် သက်ဇော်လတ် (၄၂) နှစ် မောင်းနှင်ပြီး သံချောင်းများ တင်ဆောင်ထားသည့် YGN-8 9M/xxxx SCANIA R – 480 ၁၂ ဘီးတွဲယာဉ်ကို အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်ရောက် တိုက်မိသဖြင့် သက်လွင်ဦးတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဇာနည်အောင်နှင့် ယာဉ်ပေါ်ပါခရီးသည် ခြောက်ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဝေါမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# မိုးရွာသွန်းပြီး ဒုဋ္ဌဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း စဥ့်ကိုင်မြို့နယ် မြစ်ငယ်နှင့် ပလိပ်ဘူတာအကြား ရထားလမ်းထူးပေါက်မှုဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၁၃**

ဒုဋ္ဌဝတီမြစ်ရေ ကြီးနေကြောင်း သိရသဖြင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများသည် ယမန်နေ့ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ရန်ကုန် – မန္တလေးရထားလမ်းပိုင်း စဥ့်ကိုင်မြို့နယ် မြစ်ငယ်နှင့်ပလိပ် ဘူတာအကြား သွားရောက် စစ်ဆေးခဲ့ရာ မိုင်တိုင်အမှတ် ၃၇၅/၁၀–၁၂ တွင် အလျား ၁၀ ပေနှင့် အနံ ရှစ်ပေခန့် ရထားလမ်းတာပေါင်ထူးပေါက်ပြီး ရေဝင်ရောက် စီးဆင်းနေကြောင်း စစ်ဆေးတွေ့ရှိရပြီး ၎င်းနေရာ၌ ရထားများ ဖြတ်သန်းခုတ်မောင်းရန် အန္တရာယ်ရှိသဖြင့် အဆိုပါ အစုန်/အဆန်ရထား လမ်းပိုင်းများကို ခေတ္တပိတ်ထားခဲ့ရသည်။


ရန်ကုန် – မန္တလေး ရထားလမ်းပိုင်း၊ မြစ်ငယ်နှင့် ပလိပ်ဘူတာအကြား ရထားလမ်းထူးပေါက်မှုကို ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေ။

ရထားလမ်း ထူးပေါက် ရေကျော်မှု ဖြစ်ပွားရာနေရာသို့ လမ်းပိုင်းအချိန်မီ ပြန်လည်ဖွင့်လှစ်နိုင်ရေး မြန်မာ့မီးရထား တာဝန်ရှိဝန်ထမ်းများနှင့် လုပ်သား ၄၀ တို့သည် အချိန်နှင့်တစ်ပြေးညီ ရောက်ရှိခဲ့ပြီး ကျောက်ရထားနှင့် သံလမ်းပြေးRCGယာဉ်များ အသုံးပြု၍ ကျောက်ကြီး ၃၅ ကျင်း၊ ကျောက်မှုန့်အိတ် ၃၀၀ နှင့် သဲအိတ် ၁၀၀ အိတ်တို့ကို ဖြစ်ပွားရာနေရာသို့ ပို့ဆောင်ပေးခြင်း၊ အဆိုပါ ကျောက်ကြီးများ၊ ကျောက်မှုန့်နှင့် သဲအိတ်များ အသုံးပြု၍ ထူးပေါက်များဖာခြင်း၊ သစ်သားဇလီဖားနှင့် ကွန်ကရစ်ဇလီဖားတုံးများ အသုံးပြု၍ ထူးပေါက်နေရာ၌ ဖားထပ်ခွေခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ရာ အဆန်လမ်းကို ယင်းနေ့ ည ၁၀ နာရီ ၂ မိနစ်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ရန်ကုန်–မန္တလေး ပို့ဆောင်ပြေးဆွဲပေးလျက်ရှိသော လူစီးရထားများ ကြန့်ကြာမှုမရှိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အစုန်လမ်းကိုလည်း ထပ်မံပြုပြင်ခဲ့ရာ ယနေ့ ညနေ ၄ နာရီခွဲတွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ရထားများ ပုံမှန်အတိုင်း ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


ရန်ကုန် – မန္တလေး ရထားလမ်းပိုင်း၊ မြစ်ငယ်နှင့် ပလိပ်ဘူတာအကြား ရထားလမ်းထူးပေါက်မှုဖြစ်ပွားသည့်နေရာကို တွေ့ရစဉ်။


ရန်ကုန် – မန္တလေး ရထားလမ်းပိုင်း၊ မြစ်ငယ်နှင့် ပလိပ်ဘူတာအကြား ရထားလမ်းထူးပေါက်မှုကို ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေ။

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၃)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် Magnetic Nut Setter အခု ၂၅၀၀၊ GL Lead Acid Battery ၁၇၂ လုံး အပါအဝင် ကုန်ပစ္စည်း လေးမျိုး၊ စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၄၉၅၂၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၂ ရက်တွင် နေပြည်တော်ကောင်စီတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဥတ္တရသီရိခရိုင် ဥတ္တရသီရိမြို့နယ်၌ တရားမဝင် အခြားသစ် ၂ ဒသမ ၇၂၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၅၆၄)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၂ ရက်တွင် စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan AD Van မော်တော်ယာဉ် တစ်စီး၊ Toyota Ipsum မော်တော်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀)ကိုလည်းကောင်း၊ ဇူလိုင် ၁၃ရက်တွင် မုံရွာမြို့နယ်အတွင်း၌ လိုင်စင်မဲ့ သုံးဘီးမော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၁၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပြည်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၉ ဒသမ ၃၃၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၆၄၂၅၆)ကို ဖမ်းဆီးရမိခဲ့ပြီး(ဝဲပုံ) အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၃၅၈၀၂၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ သတင်းရရှိသည်။

**သတင်းစဉ်**

## ဒလမြို့နယ်၌ ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် မြို့နယ်ကျန်းမာရေးကော်မတီမှ ဦးဆောင်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဇူလိုင် ၁၁ ရက်က မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူကျော်နှင့် အဖွဲ့ဝင်များသည် ရခိုင်ချောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ ရဲချောင်းဝကျေးရွာ သုခဝတီဘုန်းတော်ကြီးကျောင်းနှင့် ညောင်ငုတ္တိုကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်းနှင့် ကလိုရင်းဆေးခတ်ပေးခြင်း၊**(အောက်ပုံ)** ထုံးမှုန့်များဖြူးခြင်းစသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်ပေးသည်။

မြို့နယ်အတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုမရှိစေရေးအတွက် ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကော်မတီဝင်များ၊ မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်မြင့်မြင့်အေးနှင့် ကျန်းမာရေးဌာနသူနာပြုဆရာမများနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အံ့ကြီးမောင်**



❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၄ MFF အပျော်တမ်းဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ယနေ့ စတင်ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၃**

၂၀၂၄ MFF အပျော်တမ်းဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁၄ ရက် **(ယနေ့)** နံနက် ၉ နာရီမှစ၍ ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစားမည်**

ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် Seven အသင်းနှင့် 7 Brother အသင်း၊ Marga အသင်းနှင့် Gold Dream အသင်း၊ ကြယ်စင်လင်းအသင်းနှင့် Sar Bal Gyi Doh အသင်း၊ Jullniss အသင်းနှင့် RPG အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁၆ ရက်၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို ဇူလိုင် ၁၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**အနိုင်ရခဲ့**

ဇူလိုင် ၁၁၊ ၁၂ ရက်က ကျင်းပသည့် ရှုံးထွက်ပွဲများတွင် Seven အသင်းက Power HBI အသင်းကို ငါးဂိုး-နှစ်ဂိုး၊ Marga အသင်းက FCT Youth အသင်းကို ငါးဂိုးပြတ်၊ ကြယ်စင်လင်းအသင်းက College အသင်းကို ငါးဂိုး-သုံးဂိုး၊ Jullniss အသင်းက Yankin Brotherhood အသင်းကို ငါးဂိုး-သုံးဂိုး၊ 7 Brother အသင်းက ပစ်တိုင်းထောင်အသင်းကို ပယ်နယ်တီအဆုံးအဖြတ် ၁၁ဂိုး - ၁၀ဂိုး၊ Gold Dream အသင်းက Fanatics အသင်းကို လေးဂိုး-နှစ်ဂိုး၊ Sar Bal Gyi Doh အသင်းက လက်ဝဲလူငယ်အသင်းကို ပယ်နယ်တီအဆုံးအဖြတ် ရှစ်ဂိုး-ခြောက်ဂိုး၊ RPG အသင်းက Bushido အသင်းကို ခုနစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်**

---

◆ *ကျောဖုံးမှ*

သက်ထားသူဇာအနေဖြင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင်သာ ယှဉ်ပြိုင်ခွင့်ရထားခြင်းဖြစ်သည်။ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ကစားသမား ၃၉ ဦး ယှဉ်ပြိုင်ခွင့်ရထားပြီး သုံးဦး ၁၃ အုပ်စုခွဲ၍ ပြုလုပ်မည်ဖြစ်သည်။ အုပ်စုမဲခွဲမှုအရ သက်ထားသူဇာသည် အုပ်စု (C) တွင် ကမ္ဘာ့အဆင့် ၅ ဂျပန်နိုင်ငံသူ ယာမာဂူချီ၊ ကမ္ဘာ့အဆင့် ၃၂ ကနေဒါနိုင်ငံသူ မီချယ်လီတို့နှင့် ကျရောက်နေသည်။

**နောက်တစ်ဆင့်တက်ရောက်ခွင့်ရမည်**

အုပ်စုပွဲများကို ဇူလိုင် ၂၇ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု ၁၃ ခုမှ ထိပ်ဆုံးရပ်တည်မှုအရ တစ်ဦးစီသာ နောက်တစ်ဆင့်တက်ရောက်ခွင့်ရမည်ဖြစ်သည်။

**ပါရီအိုလံပစ်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရ**

သက်ထားသူဇာသည် ၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲတွင်လည်း လက်ရည်စစ်ပွဲအောင်မြင်ကာ ယှဉ်ပြိုင်ဖူးပြီး နှစ်ကြိမ်ဆက်တိုက် အိုလံပစ်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ သက်ထားသူဇာသည် ပါရီအိုလံပစ်ဝင်ခွင့် လက်ရည်စစ်ပွဲကာလဖြစ်သည့် ၂၀၂၃ ခုနှစ် မေ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဧပြီ ၂၈ ရက်အတွင်းကျင်းပသည့် BWF ပြိုင်ပွဲများ အနက်ပြိုင်ပွဲ ၂၃ ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး လက်ရည်စစ်ပွဲအောင်မြင်သဖြင့် ပါရီအိုလံပစ်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ - BWF**

---

❒ *ကျောဖုံးမှ*

နိုင်ပွဲရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်သည်။

**နိုင်ပွဲရရှိထား**

ကိုလံဘီယာအသင်းသည် အသင်းခေါင်းဆောင် ဂျိမ်းစ်ရိုဒရီဂွက်ဇ်ခြေစွမ်းပြသမှုနှင့်အတူ ကိုပါအမေရိကပြိုင်ပွဲတွင် ခြေစွမ်းကောင်းပြသထားနိုင်သည့်အသင်းဖြစ်သည်။ အဆိုပါ နှစ်သင်း နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှုမှာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကဖြစ်ပြီး အာဂျင်တီးနားအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိထားသည်။

**ခြောက်ကြိမ်ဂိုးဖန်တီးမှုပြုလုပ်ထား**

အာဂျင်တီးနားအသင်းတွင် စောင့်ကြည့်ရမည့်ကစားသမားအဖြစ် တိုက်စစ်ကစားသမား လော်တာရို မာတီနက်ဇ်ရှိပြီး ပြိုင်ပွဲတစ်လျှောက်လေးဂိုးသွင်းယူထားသည်။ ထို့ပြင် ကိုလံဘီယာအသင်းတွင် အဓိကစောင့်ကြည့်ရမည့်ကစားသမားအဖြစ် ဂျိမ်းစ်ရိုဒရီဂွက်ဇ်ရှိပြီး တစ်ဂိုးသွင်းပြီး ခြောက်ကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ထားသည်။

**ပေးဆပ်မှုကြီးမားသွားနိုင်**

အာဂျင်တီးနားအသင်းသည် ကိုလံဘီယာအသင်းထက် ကစားသမားစုဖွဲ့မှုနှင့် တစ်ဦးချင်းစွမ်းဆောင်ရည်ပိုင်းတွင် သာလွန်သည့်အဆင့်တစ်ခုတွင် ရှိသော်ငြား ပြိုင်ဘက်အသင်း၏ ဖိအားပေးကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့ပါက ပေးဆပ်မှုကြီးမားသွားနိုင်သည်။

**အောင်ဇော်**

---

# MNL ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက် နိုင်ပွဲဆက်ပြီး အား/ကာသိပ္ပံ ဂိုးပြတ်နိုင်ပွဲရရှိ

**ရန်ကုန် ဇူလိုင် ၁၃**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) တတိယနေ့ကို ဇူလိုင် ၁၃ ရက်က ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။



YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက မြဝတီအသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းကို တစ်ကျော့ပြန်ကိုင်တွယ်နေသည့် နည်းပြချုပ် ဦးကျော်ဒွန်း လက်ထက်တွင် ရန်ကုန်ယူနိုက်တက်အသင်းသည် နှစ်ပွဲဆက်အနိုင်ရခဲ့ပြီး ဂိုးပြတ်နိုင်ပွဲနှင့်အတူ ပေးဂိုးမရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ မြဝတီအသင်းသည် ရာသီအဖွင့်ပွဲတွင် ရှမ်းယူနိုက်တက်ကို အဝေးကွင်း၌ တစ်ဂိုးဖြင့်သာ အရှုံးနိမ့်ခဲ့သော်လည်း ယခုပွဲတွင် ဂိုးပြတ်အရှုံးနိမ့်ခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင် အသုံးပြုခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲအစ ၁၆ မိနစ်အတွင်း နှစ်ဂိုးသွင်းယူနိုင်သဖြင့် ပွဲကိုထိန်းချုပ်နိုင်သလို ဂိုးပြတ်သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက် အသင်းအတွက် အနိုင်ဂိုးများကို ၁၂၊ ၄၅+၂ မိနစ်တွင် လမင်းထွေး၊ ၁၆ မိနစ်တွင် ရန်နိုင်ဦး၊ ၅၂ မိနစ်တွင် လှိုင်းဘိုဘိုနှင့် ၈၄ မိနစ်တွင် ဥက္ကာနိုင်တို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်အသင်းမှ ဥက္ကာနိုင်က ရရှိသည်။ ယခုပွဲအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ မြဝတီအသင်းက နှစ်ပွဲကစား အမှတ်မရသေးပေ။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ရခိုင်ယူနိုက်တက် အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရာသီအစ အဖွင့်ပွဲတွင် ရှုံးပွဲကြုံတွေ့ထားသည့် နှစ်သင်း ထိပ်တိုက် တွေ့ဆုံခြင်းဖြစ်ပြီး အား/ကာသိပ္ပံအသင်းက ဂိုးပြတ်အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် ဂိုးများကို ၁၂၊ ၂၉ မိနစ်တွင် နိုင်နိုင်ကျော်၊ ၃၀၊ ၄၈၊ ၆၂ မိနစ်တွင် သိန်းဇော်သီဟတို့က သွင်းယူပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၇၆ မိနစ်တွင် ဂျိုးဇက်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် အား/ကာသိပ္ပံအသင်းမှ သိန်းဇော်သီဟက ရရှိသည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက နှစ်ပွဲကစား သုံးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက နှစ်ပွဲကစား အမှတ်မရသေးပေ။

ပွဲစဉ် (၂) နောက်ဆုံးနေ့အဖြစ် ဇူလိုင် ၁၄ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် သစ္စာအားမာန်အသင်း၊ ပုသိမ်ကွင်း၌ ရောဝတီအသင်းနှင့် Dagon Port အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ-MNL**

---

စပိန်နဲ့ အင်္ဂလန်အသင်းတို့ရဲ့ ယူရို ၂၀၂၄ ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၁ နာရီခွဲမှာ ယှဉ်ပြိုင်ကစားသွားတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်အသင်းက နိုင်ပွဲရသွားမလဲ လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

**ယူရို ၂၀၂၄ ပြိုင်ပွဲ ဗိုလ်လုပွဲ**

စပိန် - အင်္ဂလန် နံနက် ၁း၃၀

# ယူရိုဗိုလ်လုပွဲမှာ စပိန်နဲ့ အင်္ဂလန်အသင်း အားပြိုင်မှုက ဘယ်လိုဖြစ်လာမလဲ

■ မိုးဇက် - ရေးသားသည်



ယာမယ် (တောင်ပံ)

၁၃ ပွဲကစား ၃ ဂိုးသွင်း

| စပိန်အသင်း နောက်ဆုံးငါးပွဲ ဖြတ်ကျော်မှု |
|---|
| စပိန် ၁ -၀ အီတလီ |
| အယ်ဘေးနီးယား ၀-၁ စပိန် |
| စပိန် ၄ -၁ ဂျော်ဂျီယာ |
| စပိန် ၂ -၁ ဂျာမနီ |
| စပိန် ၂ -၁ ပြင်သစ် |

**စပိန် VS အင်္ဂလန်**

ဗိုလ်လုပွဲမှာ အိမ်ရှင်ဂျာမနီ၊ ပြင်သစ်အသင်းတို့ကို ကျော်ဖြတ်လာတဲ့ စပိန်အသင်းနဲ့ ဆွစ်ဇာလန်၊ နယ်သာလန်တို့ကို ကျော်ဖြတ်လာတဲ့ အင်္ဂလန်အသင်းတို့ တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။

စပိန်အသင်းက ၁၉၆၄ ခုနှစ်၊ ၂၀၀၈ ခုနှစ်နဲ့ ၂၀၁၂ ခုနှစ်တို့မှာ ယူရိုဖလားဆွတ်ခူးထားတာကြောင့် ဒီပွဲစဉ်မှာသာ ဖလားထပ်မံဆွတ်ခူးနိုင်ခဲ့ရင် ယူရိုပြိုင်ပွဲတစ်လျှောက်မှာ စံချိန်တင်ဖလားဆွတ်ခူးနိုင်မှာ ဖြစ်တယ်။ ပြိုင်ဘက်အင်္ဂလန်အသင်းက ၂၀၂၀ ပြည့်နှစ်မှာ ဗိုလ်လုပွဲ တက်လှမ်းနိုင်ခဲ့ပေမယ့် ပြိုင်ဘက်ကို ရှုံးနိမ့်ခဲ့တာကြောင့် ဖလားဆွတ်ခူးရရှိထားခြင်း မရှိသေးဘူး။ ဒါကြောင့် ဒီပွဲစဉ်မှာ အနိုင်ရရှိတဲ့အသင်းက စံချိန်မှတ်တမ်းသစ် ရေးထိုးနိုင်မှာ ဖြစ်ပါတယ်။ နှစ်သင်းစလုံးမှာ ပွဲရလဒ်ကို အချိန်မရွေး ပြောင်းလဲနိုင်စွမ်းရှိတဲ့ အရည်အသွေးမြင့် ထိပ်တန်းကစားသမားတွေ အများအပြားရှိတာကြောင့် အဆုံးသတ်သေချာတဲ့အသင်းသာ နိုင်ပွဲရပြီး ဖလားဆွတ်ခူးနိုင်ဖွယ်ရှိတယ်။

| စပိန်နဲ့ အင်္ဂလန်အသင်း နောက်ဆုံးသုံးကြိမ် တွေ့ဆုံမှု | | | | |
|---|---|---|---|---|
| စပိန် | ၂ | - | ၃ | အင်္ဂလန် |
| အင်္ဂလန် | ၁ | - | ၂ | စပိန် |
| အင်္ဂလန် | ၂ | - | ၂ | စပိန် |



ကိန်း (တိုက်စစ်)

၉၇ ပွဲကစား ၆၆ ဂိုးသွင်း

| အင်္ဂလန်အသင်း နောက်ဆုံးငါးပွဲ ဖြတ်ကျော်မှု |
|---|
| ဒိန်းမတ် ၁ -၁ အင်္ဂလန် |
| အင်္ဂလန်၀-၀ စလိုဗေးနီးယား |
| အင်္ဂလန် ၂-၁ စလိုဗက်ကီးယား |
| အင်္ဂလန် ၁ -၁ ဆွစ်ဇာလန် |
| နယ်သာလန် ၁-၂ အင်္ဂလန် |

# ရေဝတီမြစ်ရေတက်မှုကြောင့် လူနေအိမ်များ ပြောင်းရွှေ့ပေးခြင်းနှင့် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြို့ပေါ်ရပ်ကွက်များအတွင်းသို့ ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီခွဲခန့်က ပစ္စည်းများ ကူညီပြောင်းရွှေ့ပေးလျက်ရှိရာ ညောင်ဦးမြို့နယ် အမှတ်(၁၊၂၊၄၊၇၊)ရပ်ကွက်များရှိ အိမ်ထောင်စုများမှ အိမ်အသုံးအဆောင်ပစ္စည်းများ ရေလွတ်ရာသို့ ကူညီရွှေ့ပြောင်းမှုများဆောင်ရွက်ခြင်းကို ညောင်ဦးခရိုင်မီးသတ်ဦးစီးဌာန၊ ဦးစီးအရာရှိ ဦးကျော်နိုင်လင်း ဦးဆောင်သောတပ်ဖွဲ့ဝင်များက ဌာနပိုင်ယာဉ်၊ လူမှုကူညီရေးအသင်းယာဉ်များဖြင့် ရေဝင်ရောက်အိမ်များမှ အသုံးဆောင်ပစ္စည်းများကို အိမ်အပေါ်ထပ်များသို့ ပြောင်းရွှေ့ပေးခြင်း၊ ရေဘေးရှောင်စခန်းများသို့ ကူညီရွှေ့ပြောင်းသယ်ဆောင်ပေးခြင်းနှင့်ဆွေမျိုးများအိမ်သို့ ပြောင်းရွှေ့ခြင်းများ ဆောင်ရွက်ကူညီပေးခဲ့ကြ ကြောင်း သိရသည်။ **(အောက်ပုံ)** **ဒီပါလင်း**



**ပန်းတောင်း**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ထုံးဘိုမြို့ ထုံးဘိုအုပ်စု ခတ္တိယရပ်ကွက်အတွင်း၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် လူနေအိမ်ခြောက်လုံးသို့ ရေများဝင်လာပြီး စိုးရိမ်ရသည့်အခြေအနေရှိသည့်အတွက် လူများနှင့် နေအိမ်ရှိ အရေးကြီးပစ္စည်းများကို ထုံးဘိုမြို့ မြသိန်းတန်ဘုရားဝင်းအတွင်းရှိ ဘုရားတန်ဆောင်းများသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်းသိရသည်။

အဆိုပါ အိမ်ထောင်စုခြောက်စုတွင် ကျားရှစ်ဦး၊ မ ၁၁ ဦး ပေါင်း ၁၉ ဦးတို့၏ နေအိမ်ရှိ ပစ္စည်းများနှင့် လူများ ပြောင်းရွှေ့ပေးခဲ့ရာ ပန်းတောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး ဖြိုးသူစိုး ဦးဆောင်မှုဖြင့် တာဝန်ရှိသူများက ဝိုင်းဝန်းပြောင်းရွှေ့ပေးခဲ့ကြကြောင်း သိရသည်။ **လပြည့်လင်း(ပြန်/ဆက်)**

**စစ်ကိုင်း**

ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ စစ်ကိုင်းမြို့နယ် ယာယီရေဝင်ပြောင်းရွှေ့အိမ်ထောင်စုများအား ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁ နာရီမှစ၍ ရေလွတ်ရာ ပြောင်းရွှေ့နေရာများသို့ လှည့်လည်၍ ထောက်ပံ့ပေးအပ်ရာ စစ်ကိုင်းမြို့ လေးကျွန်းမြေအုဌ်ကျောင်းတိုက် ပဓာနနာယကဆရာတော်ဘုရားနှင့် ရွှေပုတီးဆရာတော်ဘုရားတို့ ဦးဆောင်၍ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ဇူလိုင် ၁၀ ရက်အထိ စာရင်းရှိယာယီရေဝင်ပြောင်းရွှေ့အိမ်ထောင်စုပေါင်း ၈၂၄စု၊ လူဦးရေပေါင်း ၃၂၈၁ ဦး တို့ကို တစ်ဦးလျှင်ဆန်ရိက္ခာထောက်ပံ့ငွေ နှစ်ပတ်စာ ငွေကျပ် ၄၂၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၃၇၈၀၂၀၀ တို့ကို သက်ဆိုင်ရာ နေရာများသို့ လှည့်လည်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာများ ထောက်ပံ့ပေးသလို လေးကျွန်းမြေအုဌ် ကျောင်းတိုက်ဆရာတော်ဘုရားဦးဆောင်၍ စေတနာရှင်၊ အလှူရှင်များလှူဒါန်းမှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်ထုပ်များကိုလည်း စားသောက်ရေး အဆင်ပြေစေရန် လိုက်ပါထောက်ပံ့ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **ဇော်မြင့်နိုင်**

**ဆင်ပေါင်ဝဲ**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ရပ်ကွက်/ ကျေးရွာများအတွင်း ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြေနိမ့်ပိုင်းနေရာများတွင် မြစ်ရေဝင်ရောက်မှု ဖြစ်ပွားလျက်ရှိရာ **(အောက်ပုံ)**မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးချန်ဖီယာန်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ဘေးလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ ရေဘေးသင့်ပြည်သူများအတွက် ယာယီနေရာစီစဉ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



**မင်းဘူး**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် လူနေအိမ်အများအပြားနစ်မြုပ်၍ ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိလာကြသော ရေဘေးဒုက္ခသည်များကို ဆန်ရိက္ခာဖိုးငွေ ထောက်ပံ့ပေးခြင်းကို ဇူလိုင် ၁၂ ရက်က ပေတောဘုန်းတော်ကြီးကျောင်းတွင် ထောက်ပံ့ပေးအပ်သည်။

ထိုသို့ ပေးအပ်ရာတွင် မန်းရေနံမြေ သံကန်တန်း (၇)၊ ပေတောဘုန်းတော်ကြီးကျောင်း၊ ကျောက်ကုန်း၊ အောက်ကျောင်းဓမ္မာရုံ ရေဘေးစခန်းများတွင် နေထိုင်လျက်ရှိသော ထုံးမကြီးနှင့် မန်းကျိုးကျေးရွာများမှ အိမ်ထောင်စု ၉၆ စု၊ လူဦးရေ ၁၆၅ ဦးအတွက် ဆန်ရိက္ခာ ခုနစ်ရက်စာအတွက် တန်ဖိုးငွေကျပ် ၅၇၇၅၀၀ ကို ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း မင်းဘူးမြို့ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာနမှ သိရသည်။ **ဇေယျာထက်(မင်းဘူး)**

# ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် ရေကြီးမှုအခြေအနေ

## မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန်အကြံပြု

**နေပြည်တော် ဇူလိုင် ၁၃**

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ **ဧရာဝတီမြစ်**ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၅ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် (၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် မန္တလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၅၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေကျော်ခန့် (၁၂၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခန့် (၁၅၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မင်းဘူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် သပိတ်ကျင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၅၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ **ချင်းတွင်းမြစ်ရေ**သည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် (၁၀၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ရှစ်ပေခန့် (၂၄၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခန့် (၁၅၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ရှစ်ပေခွဲခန့် (၂၅၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေခွဲခန့် (၁၉၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲကျော်ခန့် (၁၇၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် (၁၀၀ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ **ဒုဋ္ဌဝတီမြစ်**ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၅၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကူမြို့နယ်၊ ကသာမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ချောက်မြို့နယ်၊ မင်းဘူးမြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ မန္တလေးမြို့နှင့် မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ထိုင်း-လာအို နယ်စပ်ဖြတ်ကျော် ခရီးသည်တင်ရထားခရီးစဉ် စမ်းသပ်ပြေးဆွဲ




ဘန်ကောက် ဇူလိုင် ၁၃

ထိုင်း-လာအို နယ်စပ်ဖြတ်ကျော် ခရီးသည်တင်ရထား ပြေးဆွဲမှုကို ဇူလိုင် ၁၂ ရက်က စတင်စမ်းသပ်ခဲ့ပြီး ထိုင်း - လာအိုအကြား ရထားလမ်းဆက်သွယ်မှုတိုးမြှင့်လာမှုနှင့်အတူ တရုတ်-လာအို ရထားလမ်းနှင့်လည်း ချိတ်ဆက်ပေးခဲ့သည်။

နယ်စပ်ဖြတ်ကျော်ခရီးသည်တင်ရထားသည် ဘန်ကောက်မှ ထွက်ခွာပြီး နွန်ခိုင်နယ်စပ်ကို ဖြတ်သန်းကာ ဗီယင်ကျန်းမြို့ရှိ ခမ်းဆာဗတ်သ်ဘူတာသို့ ရောက်ရှိမည်ဖြစ်ကြောင်း ထိုင်းအစိုးရ မီးရထားဌာနမှ သိရသည်။

ထိုင်းအစိုးရ မီးရထားဌာန၏ အုပ်ချုပ်မှုဇုန်ရှိ အကြီးအကဲ အီကရတ်ဆရီယာယန့်ဖွန်က နယ်စပ်ဖြတ်ကျော် ခရီးသည်တင်ရထားပြေးဆွဲမှုကို စတင်လိုက်ခြင်းသည် ရထားပို့ဆောင်ရေးကဏ္ဍတွင် များစွာတိုးတက်ကောင်းမွန်လာမှုနှင့်အတူ ထိုင်းနှင့် လာအိုအကြား နယ်စပ်ကုန်သွယ်ရေးကို မြှင့်တင်ရန်၊ ထိုင်းနိုင်ငံကို အဓိကကမ္ဘာ့ခရီးသွားလုပ်ငန်း ဗဟိုချက်အဖြစ် အဆင့်မြှင့်တင်ရန်နှင့် ထိုင်းနှင့် အိမ်နီးချင်း နိုင်ငံများကြား စီးပွားရေး၊ ကုန်သွယ်မှုနှင့် ခရီးသွားလာရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်လည်း မျှော်လင့်ကြောင်း ပြောကြားသည်။

ထိုင်း-လာအို နယ်စပ်ခရီးသည်တင်ရထား ပြေးဆွဲမှုကို ဇူလိုင် ၁၉ ရက်တွင် တရားဝင် စတင်ပြေးဆွဲရန် စီစဉ်ထားသည်။

ဆင်ဟွာ

## ဂျပန်နိုင်ငံမြောက်ပိုင်း၌ မြေပြိုမှု ဖြစ်ပွားပြီးနောက် သုံးဦးသေဆုံး

တိုကျို ဇူလိုင် ၁၃

မတ်ဆုရာမမြို့၌ မြေပြိုမှုဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးခဲ့သည်ဟု ဂျပန်နိုင်ငံ အနောက်ပိုင်း အီဟီမဲခရိုင်ရှိ အရာရှိများက ပြောသည်။

မတ်ဆုရာမ ရဲတိုက်တည်ရှိသည့် တောင်စောင်းတစ်ခုသည် ဇူလိုင် ၁၂ ရက် နံနက် ၄ နာရီမတိုင်မီက ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းသို့ ပြိုကျမှုကြောင့် နေအိမ်များနှင့် တိုက်ခန်းအဆောက်အအုံများ အတွင်းသို့ ရွှံ့နွံများစီးဆင်းဝင်ရောက်လာသည်။

ပြိုကျမှုဖြစ်ပွားသည့်ဧရိယာမှာ ၅၀ မီတာကျယ်ဝန်းပြီး အမြင့် ၁၀၀ မီတာရှိသည်။ သစ်သားအိမ်တွင်နေထိုင်သည့်လူသုံးဦးမှာ မြေပြိုမှုအတွင်း ပျောက်ဆုံးခဲ့ရသည်။ ၎င်းတို့မှာ အသက် ၉၀ ဝန်းကျင် အမျိုးသား၊ အသက် ၈၀ ဝန်းကျင် ဇနီးသည်နှင့် အသက် ၄၀ ဝန်းကျင် သားဖြစ်သူတို့ ဖြစ်ကြသည်။

မီးသတ်သမားများနှင့် ရဲများက အဆိုပါဧရိယာတွင် ရှာဖွေမှုများ ပြုလုပ်ခဲ့ပြီး ဇူလိုင် ၁၂ ရက် မွန်းလွဲပိုင်းတွင် အဆိုပါ ပျောက်ဆုံးနေသူသုံးဦး၏ အလောင်းများကို ရှာဖွေတွေ့ရှိခဲ့သည်။

အင်န်အိတ်ချ်ကေ

## အစ္စရေး၏ ဖုံးကြဲတိုက်ခိုက်မှုများကြောင့် လက်ဘနွန်တောင်ပိုင်း၌ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံကျော်တန်ဖိုးရှိ အဆောက်အအုံများပျက်စီးဆုံးရှုံး

ဘေရွတ် ဇူလိုင် ၁၃

ပြီးခဲ့သည့်နှစ် အောက်တိုဘာလအစောပိုင်းတွင် နယ်စပ်တင်းမာမှုမြင့်တက်ပြီးနောက်ပိုင်း အစ္စရေး၏ ဖုံးကြဲတိုက်ခိုက်မှုများကြောင့် လက်ဘနွန်နိုင်ငံတောင်ပိုင်းတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံကျော်ရှိကြောင်း တောင်ပိုင်းကောင်စီအကြီးအကဲဖြစ်သူ ဟာရှိန်းမ်ဟိုင်ဒါက ပြောသည်။

အဆိုပါ ထိခိုက်ပျက်စီးဆုံးရှုံးမှုများတွင် အဆောက်အအုံ ၃၀၀၀ ကျော်ပါဝင်ပြီး နေအိမ် ၁၂၀၀၀ လုံးမှာ အနည်းငယ်ထိခိုက်ပျက်စီးကာ ၂၀၀၀၀ မှာ ပြန်လည်ပြုပြင်ရန် လိုအပ်ကြောင်း ၎င်းက ဆက်ပြောသည်။ ထို့အပြင် ရေထောက်ပံ့ပေးသည့် အဆောက်အအုံ ၁၀ ခုလည်း အစ္စရေး၏ ဖုံးကြဲတိုက်ခိုက်မှုများကြောင့် ထိခိုက်ပျက်စီးသွားခဲ့ပြီး ဒေသခံ ၁၀၀၀၀၀ ကျော် သောက်သုံးရေ ပြတ်လပ်မှုနှင့် ကြုံတွေ့စေခဲ့သည်။

ဒေသတွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှုစင်တာ ခြောက်ခုနှင့် စာသင်ကျောင်း ၇၂ ခုကိုလည်း ပိတ်ထားခဲ့ရကြောင်း၊ ထို့အပြင် လယ်ယာမြေ ၁၂၄၀ ဟက်တာကျော် ပျက်စီးခဲ့ပြီး မွေးမြူရေး တိရစ္ဆာန် ၃၄၀၀၀၀ မှာလည်း အသက်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဆက်လက်ဖြစ်ပွားလျက်ရှိသော ပဋိပက္ခအတွင်း နယ်စပ်ဒေသများမှ လူပေါင်း ၁၀၀၀၀၀ ခန့် အိုးအိမ်စွန့်ခွာခဲ့ရသည်။ ပဋိပက္ခစတင်ဖြစ်ပွားပြီးနောက် အရပ်သားများ၊ ဟစ်ဗိုလာအဖွဲ့ဝင်များနှင့် အခြားသော တိုက်ခိုက်ရေးသမားများအပါအဝင် လူပေါင်း ၅၆၃ ဦးနီးပါး အသက်ဆုံးရှုံးခဲ့ကြောင်း လက်ဘနွန် သတင်းရင်းမြစ်များက ပြောသည်။

ဆင်ဟွာ



အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် လက်ဘနွန်တောင်ပိုင်း တိုင်ရာခရိုင်တွင် အဆောက်အအုံတစ်လုံး ထိခိုက်ပျက်စီးမှုကို မေ ၁၇ ရက်က တွေ့ရစဉ်။



## နိုင်ဂျီးရီးယားအလယ်ပိုင်း၌ စာသင်ကျောင်းအဆောက်အအုံ ပြိုကျမှုကြောင့် ၂၂ ဦးထက်မနည်း သေဆုံး

အဘူဂျာ ဇူလိုင် ၁၃

နိုင်ဂျီးရီးယားနိုင်ငံ အလယ်ပိုင်း ပလက်တိုးပြည်နယ်၌ နှစ်ထပ် စာသင်ကျောင်း အဆောက်အအုံ တစ်လုံး ပြိုကျမှုဖြစ်ပွားရာ ၂၂ ဦး ထက်မနည်းသေဆုံးပြီး အခြား ၁၃၂ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း အာဏာပိုင်များက ပြောသည်။

ပလက်တိုး ပြည်နယ်၏ မြို့တော်ဂျို့စ်ရှိ ပုဂ္ဂလိကပိုင် စိန့်အကယ်ဒမီ အဆောက်အအုံတွင် သောကြာနေ့ နံနက်ပိုင်းက ကျောင်းသား ကျောင်းသူများ စာမေးပွဲကျင်းပနေစဉ် ပြိုကျခဲ့ခြင်းဖြစ်သည်။ အဆိုပါအဆောက်အအုံတွင် စာသင်ခန်းများနှင့် ရုံးခန်းများပါရှိသည်။

သောကြာနေ့ညနေပိုင်းအထိ သေဆုံးသူ ၂၂ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၃၂ ဦး အပါအဝင် စုစုပေါင်း ၁၅၄ ဦးကို ကယ်ဆယ်ရေးသမားများက အပျက်အစီးများအောက်မှ ကယ်ထုတ်နိုင်ခဲ့ကြောင်း ပလက်တိုးပြည်နယ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကော်မရှင်နာ မူဆာ အက်ရှ်ဟွမ်းစ်က ပြောသည်။

ထိခိုက်ဒဏ်ရာရသူ ၁၃၂ ဦး အနက် ခြောက်ဦးမှာ စိုးရိမ်ရ အခြေအနေတွင်ရှိကြောင်း ၎င်းက ပြောသည်။ နိုင်ဂျီးရီးယားနိုင်ငံ၌ အဆောက်အအုံပြိုကျသော ဖြစ်စဉ်များမှာ အဖြစ်များကြောင်း သိရသည်။ သက်တမ်းရင့် အဆောက်အအုံများ၊ အဆောက်အအုံ စည်းမျဉ်းစည်းကမ်းများကို မလိုက်နာခြင်းနှင့် ဆောက်လုပ်ရေးတွင် အဆင့်အတန်းမမီသော ပစ္စည်းများ အသုံးပြုခြင်းကို ဒေသတွင်း ကျွမ်းကျင်သူများက အပြစ်တင်လျက်ရှိသည်။

ဆင်ဟွာ

## မာလာဝီသို့ ဒေါ်လာကိုးသန်းတန် ဆေးထောက်ပံ့ရေးပစ္စည်းများ ကမ္ဘာ့ကျန်းမာရေးအဖွဲ့လှူဒါန်း

လီလောင်ဝီ ဇူလိုင် ၁၃

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် မာလာဝီ အစိုးရ၏ ပြည်သူ့ကျန်းမာရေး ဆေးရုံများကို ထောက်ပံ့ပေးရန်အတွက် အမေရိကန် ဒေါ်လာ ၉ သန်းတန်ဖိုးရှိသည့် ဆေးထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းခဲ့သည်ဟု သိရသည်။

အဆိုပါ ဆေးပစ္စည်းများလှူဒါန်းပေးမှုကို မာလာဝီနိုင်ငံမြို့တော် လီလောင်ဝီတွင် ဇူလိုင် ၁၂ ရက်က ပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ကိုယ်စားလှယ် နီမာခမ်မာဘိုက ၎င်းတို့ အဖွဲ့အစည်းသည် မာလာဝီနိုင်ငံရှိ အများပြည်သူ ဆေးရုံများတွင် ဆေးပစ္စည်းများ အလုံအလောက်ရှိစေလိုကြောင်း ပြည်သူများအနေဖြင့် ကောင်းမွန်သည့်ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိစေလိုကြောင်း ပြောသည်။

မာလာဝီနိုင်ငံ၏ကျန်းမာရေးစနစ် လိုအပ်ချက်များပြည့်မီရန် မာလာဝီအစိုးရကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပံ့မှုများ ဆက်လက်ပြုလုပ်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ မာလာဝီကျန်းမာရေးဝန်ကြီး ခမ်ဘိုက်ဇ်ကန်ဒိုဒိုချီပွန်ဒါက အဆိုပါ လှူဒါန်းမှုကို ကြိုဆိုခဲ့သည်။ ယင်းထောက်ပံ့ရေးပစ္စည်းများဖြင့် အစိုးရဆေးရုံများတွင် ဆေးပြတ်လပ်မှုများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကိုဗစ်-၁၉ အရေးပေါ် တုံ့ပြန်ရေးနှင့် ကျန်းမာရေးစနစ် ပြင်ဆင်မှု ပရောဂျက်မှတစ်ဆင့် ၂၀၂၂ ခုနှစ်မှစတင်ကာ မာလာဝီအစိုးရအား အရေးကြီးသော ဆေးပစ္စည်းများနှင့် ဆေးဝါးများ ထောက်ပံ့ပေးလျက်ရှိသည်။

ဆင်ဟွာ

## ယခုနှစ်အတွင်း အာဖဂန်နိုင်ငံ၌ ဝက်သက်ရောဂါဖြစ်ပွားမှုကြောင့် ၁၆၀ သေဆုံး

ကဘူးလ် ဇူလိုင် ၁၃

ယခုနှစ်ခြောက်လအတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ ဝက်သက်ရောဂါ ဖြစ်ပွားမှုကြောင့် လူ ၁၆၀ ထက်မနည်း သေဆုံးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။

ယခုနှစ်အတွင်း ဝက်သက်ရောဂါဖြစ်ပွားသူ ၃၆၆၁၈ ဦးရှိပြီး သေဆုံးသူ ၁၆၀ ရှိကြောင်း၊ ယင်းရောဂါဖြစ်ပွားသည်ဟု သံသယရှိသူ ၈၁ ဒသမ ၁ ရာခိုင်နှုန်းမှာ အသက် ငါးနှစ်အောက်ကလေးငယ်များဖြစ်ပြီး ၅၄ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။ အဆိုပါရောဂါဖြစ်ပွားသူအများစုမှာ အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ခိုစ်ပြည်နယ်မှဖြစ်ကြောင်း သိရသည်။ ဆင်ဟွာ

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 72W/43296 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေရည်ဝင်း ၉/မသန(နိုင်)၁၆၁၀၈၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 27W/3039, Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း ၁၄/ပသန(နိုင်)၀၀၀၃၆၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/63793, Zhineng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းဝင်း ၁၄/ငပတ(နိုင်)၁၀၉၁၇၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## အမည်ပြောင်း

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန်မြို့ ကောင်းမြတ်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-2 မှ မောင်သာလင်းထက် အား ယနေ့မှစ၍ မောင်သာဘုန်းသျှံ ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သာဘုန်းသျှံ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ မင်းဒူးအုပ်စု၊ မယင်းငယ်ကျေးရွာ၊ မယင်းငယ် အ.လ.က ကျောင်းမှ Grade-9 ကျောင်းသူ မအင်ကြင်းဖြူ၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းနိုင် ၇/မညန(နိုင်)၁၀၈၆၁၈ ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းနိုင်**

## ပြင်ဆင်ဖတ်ရှုပါရန်

၄-၇-၂၀၂၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၇)ပါ ငြင်းချက်ထုတ်ရန် သမ္မန်စာ၊ ချမ်းမြသာစည်မြို့နယ် တရားရုံးတော် ကြော်ငြာတွင် ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁ အစား **၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၁** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# ဆိပ်ဖြူမြို့နယ် ရေဘေးရှောင်စခန်းများမှ ကျွဲ၊ နွား တိရစ္ဆာန်များအား ခွာနာလျှာနာရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေး

**ဆိပ်ဖြူ ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ ရေဘေးရှောင်စခန်းများမှ ကျွဲ၊ နွား တိရစ္ဆာန်များ ခွာနာလျှာနာရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဆောင်ရွက်ပေးနေကြောင်း သိရသည်။

လက်ရှိကာလ၌ ဧရာဝတီမြစ်ရေသည် ဆက်လက်မြင့်တက်လျက်ရှိပြီး မြစ်ရေဝင်ရောက်လျက်ရှိသည့် ကျေးရွာများမှ ဒေသခံပြည်သူများနှင့် ၎င်းတို့မွေးမြူထားရှိသည့် ကျွဲ၊ နွား တိရစ္ဆာန်များ ရေလွတ်ရာအရပ် ရေဘေးရှောင်စခန်းများသို့ ခေတ္တယာယီ ရွှေ့ပြောင်းနေထိုင်လျက်ပြီး ကျွဲ၊ နွား တိရစ္ဆာန်များကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက နွား ၂၄၃ ကောင်၊ ကျွဲ ရှစ်ကောင်တို့ကို ဇူလိုင် ၁၂ ရက်က ခွာနာလျှာနာရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း၊ ရေလွတ်ရာသို့ ထပ်မံရောက်ရှိလာသည့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် လိုအပ်သည့် ကာကွယ်ဆေးများကို ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပြောကြားသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

